# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


## တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသက့်သို့ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်း တရားကို သိလေ၏။

**ဗာလဝဂ်(ခမ္မပဒ-၆၅)**


၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်၊ အင်္ဂါနေ့။ Tuesday, 9 September 2025 ၁၁၉၃၅


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုအကျိုးအတွက် ထပ်မံဖိတ်ခေါ်ချက်

PDF အမည်ခံများအပါအဝင် လက်နက်ကိုင်အုပ်စုများအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးကိုမျှော်မှန်းကာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး ပြည်ထောင်စုအကျိုးအတွက် ဖိတ်ခေါ်ချက်အရ နိုင်ငံတော်၏ စေတနာအမှန်ကို သိရှိနားလည်ပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သော PDF အမည်ခံများအပါအဝင် လက်နက်ကိုင်အဖွဲ့ဝင်များအား မိဘများထံအပ်နှံပြီးဖြစ်သည်။

၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲတွင်ဖြစ်ပွားခဲ့သည် မဲစာရင်းမှားယွင်းမှုများအတွက် အောက်ပါတို့ကိုဆောင်ရွက်ပေးရန် မေတ္တာရပ်ခံတောင်းဆိုမှုများအပေါ် ငြင်းပယ်ခဲ့ပြီး ပြဿနာဖြစ်ပွားနေသည့် ရွေးကောက်ပွဲရလဒ်ဖြင့်ပင် လွှတ်တော်ခေါ်ယူရန် အတင်းအဓမ္မကြိုးပမ်းခဲ့မှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ အရ နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့်ရယူရန် ကြိုးပမ်းမှုပင်ဖြစ်သည်-

(က) မဲစာရင်းမှားယွင်းမှုများနှင့် မဲမသမာမှုများကို စိစစ်တွေ့ရှိရသဖြင့် ဖြေရှင်းပေးရန်တောင်းဆိုမှုကို ငြင်းဆန်ခဲ့ခြင်း၊

(ခ) ပြည်ထောင်စုလွှတ်တော်အထူးအစည်းအဝေးအားခေါ်ယူ၍ ဖြေရှင်းဆောင်ရွက်ပေးရန် တောင်းဆိုချက်ကို ငြင်းပယ်ခဲ့ခြင်း၊

(ဂ) နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်တို့က နည်းလမ်းရှာဆောင်ရွက်ပေးရန် တောင်းဆိုမှုကို ငြင်းပယ်ခဲ့ခြင်း၊

(ဃ) အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးခေါ်ယူ၍ တွေ့ဆုံဆွေးနွေးပေးပါရန် နှစ်ကြိမ်တိုင်တိုင်ငြင်းပြခဲ့သော်လည်း ဆောင်ရွက်ပေးမှုမရှိခြင်း။


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**


## ယနေ့ ဖတ်စရာ


**မဲပေးစက် ကိုင်တွယ်အသုံးပြုခြင်း ဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းနှင့် ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ပို့ချ လျက်ရှိ**

*စာမျက်နှာ » ၃*

**၂၀၂၅ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနား ကျင်းပ**

*စာမျက်နှာ » ၅*

**စနစ်သစ်နှင့် ရွေးကောက်ပွဲဆီသို့ (၃)**

*ဆောင်းပါး စာမျက်နှာ » ၆*


## ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံမျိုးစုံ လျာထားချက်ထက် ဧကပိုမိုစိုက်ပျိုးနိုင်

**ကျွန်းလှ စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံမျိုးစုံ လျာထားချက်ထက် ဧက ၂၆၀၀ ကျော်ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံမျိုးစုံ ၇၆၉၇၈ ဧက စိုက်ပျိုးရန်လျာထားခဲ့ပြီး လျာထားချက်ထက် ၂၆၈၂ ဧကပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မြင့်မြင့်ရီကပြောသည်။

အဆိုပါ စိုက်ပျိုးပြီးသော သီးနှံမျိုးစုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ပန်းတိုင်အထွက်ရရှိစေရန်


**စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖**

## နတ်မောက်မြို့နယ်၌ မိုးချည်မျှင်ရှည်ဝါ (ရွှေတောင်-၈)များ အောင်မြင်ဖြစ်ထွန်း

**နတ်မောက် စက်တင်ဘာ ၈**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသခံတောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်အတွက် ချည်မျှင်ရှည်ဝါ သီးနှံ ၃၀၄၇၈ ဧကစိုက်ပျိုးရန်လျာထားပြီး ချည်မျှင်ရှည်ဝါ (ရွှေတောင်-၈)များ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက ကျောက်တံခါးရေလှောင်တမံ၊ ပင်းကန်နှင့် နတ်မောက်ရေလှောင်တမံတို့မှ ရေများကို အမှီပြုပြီး စိုက်ပျိုးရေးသီးနှံဝင်ငွေ တိုးပွားစေရန်နှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မိုးဦးဝါနှင့် မိုးနှောင်းဝါဟူ၍ နှစ်မျိုးစိုက်ပျိုးကြကြောင်း၊ မိုးဦးဝါကို ဇွန်လမှ စတင်စိုက်ပျိုးကြပြီး မိုးနှောင်းဝါကို တောင်သူများနှမ်းရိတ်သိမ်းပြီးမှ စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် တောင်သူအများစုသည် ချည်မျှင်ရှည်ဝါ ပန်းတိုင်အထွက်နှုန်းရရှိစေမည့် နိုင်ငံခြားစပ်မျိုးများ၊ ပြည်တွင်းဝါခြံများမှ ထုတ်လုပ်သော


**စာမျက်နှာ ၄ ကောလံ ၁ သို့ ★**

# ဒစ်ဂျစ်တယ်နည်းပညာခေတ်ကိုလိုက်မီဖို့ ပညာတတ်မြောက်ရေးဝိုင်းဝန်းမြှင့်တင်စို့

၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ International Literacy Day 2025 အတွက် ချမှတ်ထားသောဆောင်ပုဒ်မှာ "ဒစ်ဂျစ်တယ်ခေတ်ကိုလိုက်မီဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့" "Promoting literacy in the digital era" ဟူ၍ ဖြစ်သည်။ ဒစ်ဂျစ်တယ်ခေတ်ကာလ မျက်မှောက်ကာလတွင် စာတတ်မြောက်ရေးသည် အလွန်နောက်ကျ ကျန်ရစ်ခဲ့ပြီဖြစ်၍ ယနေ့ခေတ်တွင် စာမတတ်သူမရှိ၊ အားလုံးစာတတ်မြောက်လာအောင် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာ အရှိန်အဟုန်ဖြင့် လျင်မြန်စွာတိုးတက်နေသော ဒစ်ဂျစ်တယ်နည်းပညာခေတ်တွင် နိုင်ငံအတွင်း၌ စာမတတ်သူများရှိနေသေးသည်မှာ အားငယ်စရာဖြစ်သည်။ ထိုသို့ စာမတတ်သူများ ကျန်ရှိနေသေးသည်မှာ အားလုံးတွင်တာဝန်ရှိသည်။ နိုင်ငံတော်အစိုးရက မသင်မနေရပညာရေး၊ ကျောင်းနေအရွယ်ကလေးငယ်တိုင်း ကျောင်းနေနိုင်ရေး အခမဲ့ပညာရေးကို အကောင်အထည်ဖော်နေသည့်အချိန်တွင် ကျောင်းမနေစာမတတ်သူများ ကျန်ရှိနေသေးသည်မှာ ကာယကံရှင်ကိုယ်တိုင် အပါအဝင် ပညာသင်ယူခွင့်ရနိုင်သည့် အခြေအနေအရပ်ရပ်တို့ကို ဝိုင်းဝန်းမြှင့်တင် ဆောင်ရွက်ပေးကြမှသာ မိမိနိုင်ငံကို မိမိတို့ပါဝင်မြှင့်တင်ရာရောက်မည်ဖြစ်သည်။

တစ်ချိန်သောကာလက နိုင်ငံသားများ စာတတ်မြောက်ရေးအတွက် အရေး၊ အဖတ်၊ အတွက်ပညာကို စေတနာ၌ဝန်ထမ်းဆောင်ရွက်ပေးကြရသည့် အခြေအနေမှာ ထိုခေတ်အခြေအနေအရ သင့်မြတ်လျော်ကန်သော်လည်း မျက်မှောက်ကာလ သတင်းအချက်အလက်နှင့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်နေသည့် ဒစ်ဂျစ်တယ်ခေတ်တွင် စာတတ်မြောက်ရေးအတွက် ရေးနိုင်၊ ဖတ်နိုင်၊ တွက်နိုင်သောအဆင့်များမှာ နောက်ကျကျန်ရစ်ခဲ့ပေပြီ။ အခြေခံစာတတ်မြောက်ရေးသည် ပညာ၏ အခြေခံအုတ်မြစ်ဖြစ်သော်လည်း လျင်မြန်စွာ ပြောင်းလဲတိုးတက်နေသည့် ဒစ်ဂျစ်တယ်နည်းပညာခေတ်တွင် စာတတ်မြောက်ရေးအဆင့်ထက်ကျော်လွန်ကာ အသိပညာဗဟုသုတများ ကိုလွယ်လင့်တကူ ရှာဖွေဆည်းပူးရမည့် အချိန်အခါဖြစ်သည်။

ဒစ်ဂျစ်တယ်ခေတ်တွင် စာတတ်မြောက်နိုင်သည့် အခွင့်အရေးများ များစွာရှိနေသည်ကို သတိပြုရမည်ဖြစ်သည်။ စာမတတ်လျှင် အကန်းနှင့်တူသည်ဟူသော ဆိုရိုးစကားကို ချေဖျက်နိုင်သည့် အခြေအနေအရပ်ရပ်တို့ရှိသလို လူတိုင်းကိုယ်စီ အသုံးပြုနိုင်သည့် လက်ကိုင်ဖုန်းများ၏ အသုံးဝင်မှုနှင့် ဆွဲဆောင်နိုင်မှုများကြောင့် စာတတ်မြောက်ရေးနှင့် အလှမ်းမဝေးတော့သည်မှာ ထင်ရှားသည်။ စာတတ်မြောက်မှသာ သိလိုရာများ၊ အတွေးအမြင်များရရှိနိုင်မည်ကို အားလုံးနားလည်ထားကြသည်။ ပြီးခဲ့သည့်ကာလများက စာမတတ်မြောက်မှု အသိအမြင် ဗဟုသုတများ ဆည်းပူးရာဖွေမှု အားနည်းခဲ့သောကြောင့် အမှန်၊ အမှား၊ အကောင်း၊ အဆိုး၊ အကြောင်း၊ အကျိုးခွဲခြားနိုင်စွမ်းမရှိမှုတို့၏ အကျိုးဆက်ကို ယနေ့ကာလ ကြုံတွေ့နေကြရသည်ကို တွေ့ရမည်ဖြစ်သည်။

အရှပ်၊ အသံ၊ စာ တွဲဖက်ပါဝင်လာသော ဒစ်ဂျစ်တယ်နည်းပညာခေတ်တွင် စာတတ်မြောက်ရေး အလှမ်းမဝေးတော့သည်မှာ သေချာသည်။ သိလိုစိတ်များ ပြင်းပြမှုနှင့် လွယ်လင့်တကူ လေ့လာနိုင်မှုကြောင့် စာတတ်မြောက်ရေးအဆင့်ထက်ကျော်လွန်ကာ ဆင်ခြင်တုံတရားရှိသည့် ပညာတတ်တစ်ဦးဖြစ်ဖို့အထိ နီးစပ်လာသည်ကို တွေ့ရမည်ဖြစ်သည်။ စာမတတ်ခြင်းသည် ကျောင်းမနေခြင်းတွင် အကြောင်းခံသဖြင့် ကျောင်းနေအရွယ်တိုင်း ကျောင်းတက်နိုင်ရေး အစောပိုင်းကတည်းက တွန်းအားပေးခဲ့ခြင်းဖြစ်သည်။ ကျောင်းမတက်နိုင်လျှင်လည်း ကျောင်းပြင်ပပညာရေး နည်းအဖုံဖုံရှိပြီးဖြစ်၍ ပညာကို စိတ်ဝင်စားမှုသည်သာ လိုရင်းအချက်ဖြစ်သည်။

စာဖတ်ခြင်း၊ စာရေးခြင်း၊ အခြေခံအတွက်အချက်နှင့် ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိမှုတို့သည် စာတတ်မြောက်ခြင်းတွင် အခြေခံသည်။ ယနေ့ခေတ်သည် ဒစ်ဂျစ်တယ်နည်းပညာခေတ်ဖြစ်၍ စာတတ်မြောက်ရန် အလှမ်းမဝေးတော့ပြီဖြစ်သည်။ မြို့ပြများတွင် စာမတတ်မှုကင်းစင်သလောက်ရှိပြီး မြို့ပြနှင့် အလှမ်းဝေးသော ကျေးလက်ဒေသများတွင်မူ ပညာသင်ကြားနိုင်မှု အခွင့်အရေးနည်းသဖြင့် စာမတတ်သူရှိကောင်းရှိနိုင်မည်။ စာမတတ်သူပပျောက်ရေး ကျေးလက်အစွန်အဖျားအထိ လွှမ်းခြုံနိုင်ရေးအတွက် နိုင်ငံတော်က ဖြည့်ဆည်းပေးရမည်မှန်သော်လည်း စာတတ်မြောက်ပြီး ပြည်သူများ၏ စွမ်းဆောင်နိုင်မှုသည် အဓိကအင်အားတစ်ရပ်ဖြစ်သည်ကို သတိမူရမည်ဖြစ်သည်။

သို့ဖြစ်ရာ စာမတတ်သူပပျောက်ရေး အလှမ်းမဝေးတော့သည့် ဒစ်ဂျစ်တယ်ခေတ်ကို အမီလိုက်နိုင်ရန်အတွက် တစ်နိုင်ငံလုံးလွှမ်းခြုံ၍ စာတတ်မြောက်စေရန် ဝိုင်းဝန်းပူးပေါင်း လက်တွဲဆောင်ရွက်ကြခြင်းအားဖြင့် စာတတ်မြောက်ပြီး အသိဉာဏ်ဆင်ခြင်တုံတရားမြင့်မားသော ပညာတတ်များတိုးပွားစေရန် ပညာရေးကို အားပေးမြှင့်တင်ပြီး မိမိဒေသဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေးတို့ကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# တရားမအထူးအယူခံမှု ခြောက်မှုတို့ကို စီရင်ချက်ချမှတ်၊ ရာဇဝတ်အထူးအယူခံမှု နှစ်မှုနှင့် တရားမအထူးအယူခံမှု ငါးမှုတို့ကို ရုံးထိုင်ကြားနာ

**နေပြည်တော် စက်တင်ဘာ ၈**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသည့် ဦးကြည်သိန်း၊ ဦးသောင်းနိုင်၊ ဒေါ်ပြုံးပြုံးအေး၊ ဒေါက်တာကိုကိုနိုင်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ်(၁)၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၁၃/၂၀၂၅(ရန်ကုန်)၊ ၁၇/၂၀၂၅ (မန္တလေး)၊ ၁၈/၂၀၂၅ (ပဲခူး)၊ ၁၉/၂၀၂၅ (မန္တလေး)၊ ၂၀/၂၀၂၅ (မွန်)၊ ၂၂/၂၀၂၅ (ရှမ်း) စုစုပေါင်း တရားမအထူးအယူခံမှုခြောက်မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှု အမှတ် ၄/၂၀၂၅ (ရန်ကုန်)၊ ၅/၂၀၂၅ (ပဲခူး)နှင့် တရားမအထူးအယူခံမှုအမှတ် ၄/၂၀၂၅ (ရန်ကုန်)၊ ၂၆/၂၀၂၅ (ရန်ကုန်)၊ ၂၇/၂၀၂၅ (ဇရာဝတီ)၊ ၂၉/၂၀၂၅ (စစ်ကိုင်း)နှင့် ၃၀/၂၀၂၅ (ရှမ်း) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှုနှစ်မှုနှင့် တရားမအထူးအယူခံမှု ငါးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လျင်ဘေးသင့်ဒေသပြည်သူများအား ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၈**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ်ခြောက်ခုတို့တွင် စက်တင်ဘာ ၈ ရက် အထိ သေဆုံးသူ ၃၈၁၆ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ငါးဦး ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေဖြင့် အပျက်အစီးရှင်းလင်းရေးနှင့် ရှာဖွေကယ်ဆယ်ရေးများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၇၉ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များ၏ ကူညီထောက်ပံ့လှူဒါန်းပေးမှုများဖြင့် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်တောင်းမြစ်ရေစိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်

**နေပြည်တော် စက်တင်ဘာ ၈**

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့်ကျော်လွန်နေပြီး နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/၈လ**

## ၈ - ၉ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၅၉၃၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၆၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၈ - ၉ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရွယ်ယာစောင်ရေ | ရွယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၅၀၀ | ၇,၅၀၀ | ၃၁၆ | ၂,၃၅၂,၈၀၀ |
| MTSH | ၃,၁၀၀ | ၃,၁၀၀ | ၂,၂၇၂ | ၇,၀၄၃,၂၀၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၆ | ၄၄,၄၀၀ |
| FPB | ၁,၉၅၀ | ၂,၀၀၀ | ၁,၀၆၃ | ၂,၀၇၅,၄၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၉၁၆ | ၂,၃၈၁,၆၀၀ |
| EFR | ၁,၈၅၀ | ၁,၈၅၀ | ၅၂၂ | ၉၆၅,၇၀၀ |
| AMATA | ၃,၂၅၀ | ၃,၂၅၀ | ၀ | ၀ |
| MAEX | ၃,၃၀၀ | ၃,၃၀၀ | ၁၀၃ | ၃၃၉,၉၀၀ |
| MADPL(PLB) | ၂,၈၀၀ | ၂,၈၀၀ | ၁၀၈ | ၃၀၂,၄၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

## ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | – ဝင်းနိုင် | **အကြီးတန်း** | – စိုးအောင်၊ ခင်မို့မို့အောင်၊ |
| **ခေတ္တ စာတည်းမှူး** | – အေဝမ်းစိုး | **သတင်းထောက်များ** | ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းများ** | – စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဉ၊ နိုင်လင်းကြည် | **အငယ်တန်း သတင်းထောက်များ** | – အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| | | **သုတေသန** | – ဇင်မာဝင့် |
| | | **စာပြင်** | – ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | – အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | – စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး – ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍
ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

☆ ရှေ့ဖုံးမှ

ထိုသို့လုပ်ဆောင်မှုများသည် မဲမသမာမှုများရှိခဲ့၍သာ ပွင့်လင်းမြင်သာစွာ ချပြနိုင်ခြင်းမရှိသည်ကို ပေါ်လွင်စေခဲ့သည့်အပြင် နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့် ရယူရန် ကြိုးပမ်းမှုတွင် ထိုစဉ်က နိုင်ငံတော်သမ္မတကိုယ်တိုင် ဦးဆောင်ပါဝင်ပတ်သက်မှုရှိခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသည့် တာဝန်အရမဟုတ်သည့် ပုဂ္ဂလိကပြစ်မှုကျူးလွန်မှုများရှိခဲ့၍ အရေးယူခံရသည့် အချိန်လည်းဖြစ်ခဲ့သည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ယာယီသမ္မတက အရေးပေါ်အခြေအနေကြေညာပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို နိုင်ငံတော်အာဏာလွှဲအပ်ဆောင်ရွက်စေခဲ့ခြင်းဖြစ်သည်။

တပ်မတော်အနေဖြင့် မဲမသမာမှုများကို စိစစ်ဖော်ထုတ်၍ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲပြန်လည်ကျင်းပပေးနိုင်ရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်ခဲ့သည်ကို ပြည်တွင်း ပြည်ပက အထင်အမြင်လွဲမှားအောင် တပ်မတော်က ဒီမိုကရေစီကို နောက်ပြန်ဆွဲသယောင် ဝါဒမှိုင်းတိုက်ကာ ၎င်းတို့သာ ရွေးကောက်ခံအစိုးအရအဖြစ်ပုံဖော်လျက် CRPH, NUG တို့ကို တရားမဝင်ဖွဲ့စည်းခဲ့ကြပြီး ပြည်သူလူထုနှင့် လူငယ်လူရွယ်များကို လွဲမှားသည့် မျှော်လင့်ချက်များပေးကာ အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်သို့ တွန်းပို့ခဲ့သည်။ CRPH, NUG တို့သည် PDF အမည်ခံအဖွဲ့များကို ဖွဲ့စည်းကာ လက်နက်၊ ခဲယမ်းရရှိရေးအတွက် အချို့သော EAO များ လက်အောက်သို့ သွတ်သွင်းခဲ့ပြီး အချို့သော EAO များ၏ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်း၊ နယ်မြေကျူးကျော် ချဲ့ထွင်ခြင်းများအတွက် PDF များကို လက်ကိုင်တုတ်အဖြစ် အသုံးပြုစေကာ PDF တို့၏ ဘဝများကို စတေးခဲ့သည်။

ယခုအခါ နိုင်ငံတော်အစိုးရ၏ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကြောင့် အချို့သော အကြမ်းဖက် EAO တို့သည် ရပ်တည်ရန် ခက်ခဲလာကြပြီး PDF အမည်ခံတို့သည်လည်း ပိုမိုအတိဒုက္ခရောက်လာကြရသည်။ **ဒီမိုကရေစီနောက်ပြန်ဆွဲခြင်းသည် လက်နက်ကိုင်လမ်းစဉ်ကြောင့်ဖြစ်သည်ကို အမှန်အတိုင်းရှုမြင်ကြရန် အချိန်တန်ပြီဖြစ်သည်။**

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကို နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်နှင့် နိုင်ငံရေးပါတီများအပြင် PDF များသည်ပင် လိုလားကြပြီး ရည်မှန်းချက်ချင်း တူညီကြသည်။ **ဒီမိုကရေစီမျက်နှာဖုံးတပ်ပြီး နိုင်ငံတော်အာဏာကိုမက်မောကြသည့် CRPH, NUG တို့၏ လိုလားချက်မှာ ၎င်းတို့သာရွေးကောက်ခံအစိုးရဆိုသည့် ရပ်တည်မှုမပျောက်ဆုံးရေးအတွက် အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်နေခြင်းဖြစ်သည်။ ၎င်းတို့၏ နှောင့်ယှက်မှုများကြောင့်သာ ဒီမိုကရေစီခရီးလမ်းနှောင့်နှေးကြန့်ကြာနေရခြင်းဖြစ်သည်။**

PDF အမည်ခံများအပါအဝင် လက်နက်ကိုင်အုပ်စုများအနေဖြင့် မကြာမီတွင် ကျင်းပတော့မည့် ရွေးကောက်ပွဲကြီးအလွန် အားလုံးမျှော်မှန်းထားသည့် **စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ရေးကို မျှော်မှန်းကာ နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်လက်တွဲ၍ နိုင်ငံတော်အကျိုး၊ ဒေသအကျိုးကို ဖော်ဆောင်ရန်ဆန္ဒရှိပါက နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ကြိုဆိုလက်ခံမည်ဖြစ်ပြီး တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ နီးစပ်ရာတပ်စခန်းများ၊ ဒေသအာဏာပိုင်များထံ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်ပါကြောင်း ထပ်မံဖိတ်ခေါ်အပ်ပါသည်။**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

# မဲပေးစက်ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းနှင့် ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၈**

မြန်မာ အီလက်ထရောနစ် မဲပေးစက် (MEVM) ဆိုင်ရာ နည်းပညာအထောက်အကူပြု နည်းပြဆရာဖြစ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စု ရွှေးကောက်ပွဲကော်မရှင်ရုံး တိုးချဲ့ရုံးအဆောက်အအုံသစ်၌ ကျင်းပရာ ပြည်ထောင်စု ရွှေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုး၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စု ရွှေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မဲရုံအသီးသီး၌ တာဝန်ထမ်းဆောင်ကြမည့် မဲရုံဝန်ထမ်းများအတွက် မဲပေးစက်ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းနှင့် ဆင့်ပွားသင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း၊ မဲဆန္ဒရှင်ပြည်သူများ သိရှိနားလည်နိုင်စေရန် အတွက်လည်း အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများကို ရပ်ကွက်၊ ကျေးရွာအုပ်စုအထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း။

ယခုသင်တန်းတွင် ရွှေးကောက်ပွဲ၌အသုံးပြုမည့် မဲပေးစက်များတွင် Battery တပ်ဆင်ခြင်း၊ ကိုယ်စားလှယ်လောင်း၊ ပါတီအမည်၊ ပါတီအမှတ်တံဆိပ်ပါ စာရွက်များ ကပ်နှိပ်ခြင်းနှင့် မဲရုံများသို့ စက်များ ပို့ဆောင်ခြင်း စသည့်လုပ်ငန်းများကို အဆင့်လိုက် စာတွေ့လက်တွေ့သင်ကြား ပို့ချပေးသွားမည် ဖြစ်ကြောင်း၊ သင်တန်း တက်ရောက်ပြီးသူများ အနေဖြင့် မြို့နယ်အလိုက် မဲပေးစက်ကို ကြိုတင်ဆောင်ရွက်ရမည့် အဖွဲ့များအား ဆင့်ပွားသင်တန်းများ ပြန်လည် ပို့ချပေးရမည်ဖြစ်သည့် အတွက် အလေးထားမှတ်သားလေ့ကျင့်ကြရန် လိုကြောင်း၊ ပြည်ထောင်စု ရွှေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်၍ တရားမျှတသော ဂုဏ်သိက္ခာရှိသည့် ရွှေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်ရာတွင် နည်းပညာအထောက်အကူပြုအဖွဲ့များအနေဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါ နည်းပြဆရာဖြစ်သင်တန်းကို စက်တင်ဘာ ၈ ရက်မှ ၉ ရက်အထိ ဖွင့်လှစ်ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# စစ်တွေ၊ ကျောက်ဖြူနှင့် မာန်အောင်မြို့တို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ လက်တွေ့သရုပ်ပြ

**စစ်တွေ စက်တင်ဘာ ၈**

မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြမဲပေးခြင်းများကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ရခိုင်ပြည်နယ် ရွှေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ်ရွှေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ ဒေါက်တာကျော်ကိုလတ်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားမှုနှင့် စစ်တွေမြို့ပေါ်ရှိ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရုံးများမှ ဝန်ထမ်းများက မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့အတူ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်နှင့် မာန်အောင်မြို့နယ်တို့တွင်လည်း မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်းကို သက်ဆိုင်ရာ မြို့နယ်ခန်းမများ၌ ဆောင်ရွက်ကြပြီး တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခြင်း ဆောင်ရွက်ကြသည်။

ထို့နောက် စစ်တွေမြို့ ခေါင်းလောင်းကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တစုတ္တိန္ဒ၏ သက်တော် (၉၀) ပြည့် ဝိဇၨာတမင်္ဂလာအခမ်းအနားသို့ တက်ရောက်ပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ ကြွရောက်တော်မူကြသော သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)၊ ဓာတ်ပုံ - ဝင်းမင်းစိုး**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel Qu Zhe လာရောက်ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၈**

ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel Qu Zhe သည် ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ တပ်မတော်လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် သင်တန်းသားများ စေလွှတ်ရေးဆိုင်ရာကိစ္စရပ်များ၊ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

> ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel Qu Zhe တို့ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး မစ္စတာ မုံခွန်းဝိစစ်စတန်အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၈**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး မစ္စတာ မုံခွန်းဝိစစ်စတန်အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ဆက်ဆံရေး ပိုမိုတိုးမြှင့်ခိုင်မာစေရေး၊ နှစ်နိုင်ငံအပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး အထူးသဖြင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍအပါအဝင် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှု ချောမွေ့စေရေးတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

**❖ ကျွန်းလှမြို့နယ်မှ**

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ ပေါင်းမြက်ကင်းရှင်းခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျ အချိန်ကိုက်သုံးစွဲခြင်း စသည့် စိုက်ပျိုးဆိုင်ရာ နည်းပညာများ ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံမျိုးစုံ စိုက်ပျိုးမှုအဖြစ် စပါးဧက ၃၄၀၉၉ ဧက၊ ပဲမျိုးစုံ ဧက ၁၆၉၆၀၊ ဆီထွက်သီးနှံ ၇၃၂၄ ဧက၊ အခြားသီးနှံ ၁၉၇၂၈ ဧက၊ နှစ်ရှည်ပင် ၁၅၄၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနစာရင်းများအရ သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

**★ နတ်မောက်မြို့နယ်မှ**

ရွှေတောင်-၈၊ ရွှေတောင်-၁၀၊ ငွေချည်-၁၁ မျိုးများကို တောင်သူများ စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဒေသခံတောင်သူများက ဝါသီးနှံစိုက်ပျိုးရာတွင် သီးနှံအထွက်နှုန်းတိုးတက်စေရန်အတွက် စိုက်ပျိုးရေးနည်းစနစ်များ၊ သီးနှံပိုးမွှားရောဂါမကျရောက်အောင်ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ၊ သဘာဝမြေဩဇာနှင့် သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲနည်းစနစ်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အနီးကပ်ကြီးကြပ်၍ တောင်သူများအား အသိပညာပေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မူမူစန်း**

# စစ်တောင်းမြစ်ရေ တောင့်ဂူမြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၈**

ယနေ့ညနေ ၆ နာရီခွဲတိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင့်ဂူမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်လက်မခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေတစ်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင့်ဂူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းရွှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဧလ**

# နိုင်ငံဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)အရာထမ်းအခြေခံသင်တန်း အမှတ်စဉ် (၂၂၄) သင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၈**

အရာထမ်း အခြေခံသင်တန်း အမှတ်စဉ် (၂၂၄) ၏ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက နိုင်ငံဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) အုန်းတောခန်းမ၌ကျင်းပရာ ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး)၊ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းအသီးသီးမှ သင်တန်းသား သင်တန်းသူ ၂၀၃ ဦး တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး) ဒေါ်မူမူမြင့်က အမှာစကား ပြောကြားသည်။

အဆိုပါ အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၂၂၄) သို့ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၉၈ ဦး၊ သင်တန်းသူ ၁၀၅ ဦး စုစုပေါင်း ၂၀၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်ဦးခရိုင်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

**ညောင်ဦး စက်တင်ဘာ ၈**

မန္တလေးတိုင်း ဒေသကြီး ညောင်ဦးခရိုင်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနော်ရထာခန်းမ၌ ကျင်းပသည်။

ဦးစွာ ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် (၁)ဒုတိယဗိုလ်မှူးကြီး သော်ထိုက် က အမှာစကားပြောကြားသည်။ ယင်းနောက် ငါးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင်ခြောက်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၀၂ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၇၇ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၅၆ ဦးတို့အား ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်(၁)နှင့် ခရိုင်ကော်မတီဝင်များ၊ ညောင်ဦးခရိုင်ပညာရေးမှူးဦးကျော်ဝင်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုကတ်နှင့်ဆုငွေများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**

# ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၈**

၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ပညာရှင်အဖွဲ့များမှ ပညာရှင်ဆရာကြီး ဆရာမကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "လူတိုင်းအတွက် ပညာရေး" သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ နာယက ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ယနေ့သည် ကုလသမဂ္ဂ လက်အောက်ခံ ယူနက်စကိုအဖွဲ့ကြီးကကြီးမှူး၍ အီရန်နိုင်ငံ တီဟီရန်မြို့၌ ၁၉၆၅ ခုနှစ် စက်တင်ဘာ ၈ ရက်မှ ၁၉ ရက်အထိ ၁၂ ရက်ကြာ ကျင်းပခဲ့သော ကမ္ဘာ့နိုင်ငံပေါင်း ၈၉ နိုင်ငံမှ ပညာရေးဝန်ကြီးများ တက်ရောက်ခဲ့သည့် ကမ္ဘာ့စာတတ်မြောက်ရေး ကွန်ဂရက်မှတစ်ဆင့် သဘောတူဆုံးဖြတ်ချက်ဖြစ်သည့် စက်တင်ဘာ ၈ ရက်ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားများ စတင်ကျင်းပကြသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း အဆိုပါနေ့ရောက်တိုင်း နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပလာခဲ့ပါကြောင်း။

ယခုနှစ် UNESCO အဖွဲ့က ထုတ်ပြန်သည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ concept note တွင် ဒစ်ဂျစ်တယ်စနစ်၏ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုနှစ်မျိုးလုံးကို အကျယ်တဝင့် ဖော်ပြထားပြီး ယခုနှစ်အတွက်ထုတ်ပြန်ထားသည့် **"Promoting literacy in the digital era" "ဒစ်ဂျစ်တယ်ခေတ်ကို လိုက်မီဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့"** ဟူသော ဆောင်ပုဒ်ပါအတိုင်း မြန်မာနိုင်ငံအတွင်း ကျောင်းပြင်ပ ပညာရေးကဏ္ဍများဖြစ်သည့် စာတတ်မြောက်ရေး၊ စဉ်ဆက်ပညာရေးနှင့် တန်းညီပညာရေးဖြစ်သည့် ကျောင်းပြင်ပမူလတန်းပညာရေးနှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေးအစီအစဉ်များကို နှစ်အလိုက် ကျောင်းပြင်ပပညာရေးလုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်သွားမှသာ နိုင်ငံအတွင်းရှိ စာမတတ်သူ ဦးရေကို လျော့ချပေးနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားထားသည့် ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး အတွက် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာနအပါအဝင် ဆက်စပ်ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့များက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားမှသာ နိုင်ငံအတွင်း စာမတတ်သူဦးရေလျော့ချနိုင်ခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေအရွယ်လွန်ကျောင်းပြင်ပသို့ရောက်ရှိနေသည့် ကလေးဦးရေကိုပါ လျော့ချသွားနိုင်မည်ဖြစ်သဖြင့် မိသားစု၊ ရပ်ရွာ ဒေသများ ဖွံ့ဖြိုးလာပြီး ထိုမှတစ်ဆင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုထက်ပိုမို လုပ်ဆောင်လာနိုင်မည်ဖြစ်သလို ဖွံ့ဖြိုးမှုအညွှန်းကိန်းများ တိုးတက်လာမည်ဖြစ်သဖြင့် ယခုထက်ပိုမို ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် စာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုများနှင့် ကျောင်းပြင်ပပညာရေးကဏ္ဍများအလိုက် ဆောင်ရွက်နေမှုများ Video Clip ကို ပြသပြီး အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "စာတတ်မြောက်ရေးဝိုင်းကူပေး" သီချင်းဖြင့် သီဆိုဂုဏ်ပြုဖျော်ဖြေကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အခမ်းအနားတွင် သီဆိုဂုဏ်ပြုဖျော်ဖြေခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပြီး ၂၀၂၅ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနား တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၈**

၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း သုခပညာခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်ဇနီး၊ နေပြည်တော်ကောင်စီဝင်များနှင့် ဇနီးများ၊ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဇမ္ဗူသီရိမြို့နယ် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "စာတတ်မြောက်ရေး ဝိုင်းကူပေး"တေးသီချင်းကို ဖျော်ဖြေသီဆို၍ အခမ်းအနားကိုဖွင့်လှစ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

**ဖျော်ဖြေတင်ဆက်**

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "လူတိုင်းအတွက် ပညာရေး" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဖျော်ဖြေတင်ဆက်ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

# တနင်္သာရီတိုင်းဒေသကြီး နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကျင်းပ

**ထားဝယ် စက်တင်ဘာ ၈**

တနင်္သာရီတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ထားဝယ်မြို့အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ပညာဗိမာန်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ထားဝယ်မြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှကျောင်းသား ကျောင်းသူများက "စေတနာပန်းတို့ လန်းရာမြေ" သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖွင့်လှစ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးသည် လူတိုင်း စာတတ်မြောက်ရေးနှင့် တိုက်ရိုက်အချိုးကျသလို တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်လည်း ဆက်စပ်လျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သော "ဒစ်ဂျစ်တယ်ခေတ်ကို လိုက်မီဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့" ဆိုသည့်အတိုင်း စာတတ်မြောက်ရေး လုပ်ငန်းများကို အားလုံးက ပူးပေါင်းကြိုးပမ်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းပြင်ပပညာရေးလုပ်ငန်းများ ဆောင်ရွက်ရန် ချီးမြှင့်ငွေကျပ်သိန်း ၅၀၀ ကို ပေးအပ်ပြီး နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

**ဂုဏ်ပြုဆုချီးမြှင့်**

ဆက်လက်၍ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အထက်တန်းအဆင့် ကဗျာပြိုင်ပွဲ၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပြီး အခြေခံပညာဆရာ ဆရာမများက "စာတတ်မြောက်ရေး ဂုဏ်ပြုတေး" သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ယင်းနောက် စာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှု Video Clip ပြသပြီး အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှကျောင်းသား ကျောင်းသူများက "ကလေးများအတွက် ဒီနေ့" သီချင်းဖြင့် သီဆိုဂုဏ်ပြုကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လှည်းကူးမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ လေထုသန့်ရှင်းရေးနေ့အထိမ်းအမှတ် အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ လေထုသန့်ရှင်းရေးနေ့ အထိမ်းအမှတ် အသိပညာပေး စကားပိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှည်းကူးမြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးနွဲ့နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာလင်းတို့က သန့်ရှင်းသော လေထု၏ သက်ရှိများအပေါ် အကျိုးသက်ရောက်မှုများ၊ ညစ်ညမ်းသော လေကို အချိန်ကြာကြာရှူရှိုက်မိပါက ဆိုးကျိုးများဖြစ်ပေါ်နိုင်သည့် အခြေအနေ၊ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့ လှုပ်ရှားဆောင်ရွက်နေမှုအခြေအနေများ၊ လေထုညစ်ညမ်းမှုနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်ကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေ၊ သန့်ရှင်းသောလေထုပိုင်ဆိုင်နိုင်ရေးအတွက် ယခုနှစ် ဆောင်ပုဒ်အကြောင်းတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# စနစ်သစ်နှင့် ရွေးကောက်ပွဲဆီသို့ (၃)

မဲဆန္ဒရှင်တစ်ဦး

## နိဒါန်း

ရွေးကောက်ပွဲများတွင် ဥပဒေနှင့်အညီ မဲပေးခွင့်နှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်သည် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသည့် အခွင့်အရေးဖြစ်သလို ဒီမိုကရေစီအခြေခံအခွင့်အရေးလည်း ဖြစ်ပါသည်။ ဤအခွင့်အရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ (က)၊ ပုဒ်မ ၃၆၉ (က) နှင့် ပုဒ်မ ၃၉၅ တို့တွင် ပြဋ္ဌာန်းပေးထားပါသည်။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပမည်ဖြစ်ရာ ရွေးကောက်ပွဲတွင် လွှတ်တော်မဲဆန္ဒနယ်အလိုက် နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပါသည်။ ဤဆောင်းပါးတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်းဆိုင်ရာ သိသင့်သိထိုက်သည်များကို ရေးသားတင်ပြသွားမည်ဖြစ်ပါသည်။

## စနစ်သစ်နှင့်ရွေးကောက်ပွဲ

ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ ပြည်သူ့လွှတ်တော်အတွက် ယခင်အတိုင်း FPTP စနစ်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအတွက် FPTP စနစ်နှင့် PR စနစ်ကို ပေါင်းစပ်ထားသည့် MMP စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။ MMP စနစ်ဆိုသည်မှာ ရောနှောထားသည့်စနစ်များအုပ်စုတွင် ပါဝင်သည့် ရွေးကောက်ပွဲစနစ်တစ်မျိုးဖြစ်ပါသည်။ မတူညီသော ရွေးကောက်ပွဲစနစ်နှစ်မျိုးကို ကျင့်သုံးခြင်းဖြစ်သည်။ သာမန်အားဖြင့် ဗဟုအများစု ကိုယ်စားပြုစနစ်နှင့် အချိုးကျကိုယ်စားပြုစနစ်တို့ကို ပေါင်းစပ်ကျင့်သုံးခြင်းဖြစ်သည်။ အဓိကအားဖြင့် FPTP စနစ်နှင့် PR စနစ်တို့ကို ပေါင်းစပ်ပြီး မဲဆန္ဒနယ်နှင့် ရွေးကောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက်ခွဲခြားု၍ ကျင့်သုံးခြင်းဖြစ်ပါသည်။ ရွေးကောက်ပွဲစနစ်နှစ်မျိုး ပေါင်းစပ်ကျင့်သုံးမည်ဖြစ်သဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း လုပ်ငန်းစဉ်လည်း အနည်းငယ်ကွဲပြားသွားမည် ဖြစ်ပါသည်။

## လွှတ်တော်မဲဆန္ဒနယ်များ

ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်အတွက် FPTP မဲဆန္ဒနယ် ၃၃၀ မှ ကိုယ်စားလှယ် ၃၃၀၊ အမျိုးသားလွှတ်တော်အတွက် FPTP မဲဆန္ဒနယ် ၈၄ နယ်မှ ကိုယ်စားလှယ် ၈၄ ဦးနှင့် PR မဲဆန္ဒနယ် ၂၄ နယ်မှ ကိုယ်စားလှယ် ၈၄ ဦး၊ တိုင်းဒေသကြီး လွှတ်တော်/ ပြည်နယ်လွှတ်တော်များအတွက် FPTP မဲဆန္ဒနယ် ၃၂၂ နယ်မှ ကိုယ်စားလှယ် ၃၂၂ ဦး၊ PR မဲဆန္ဒနယ် ၄၂ နယ်မှ ကိုယ်စားလှယ် ၃၂၂ ဦးနှင့် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်မှ ကိုယ်စားလှယ် ၂၉ ဦး စုစုပေါင်း မဲဆန္ဒနယ် ၈၃၃ နယ်မှ ကိုယ်စားလှယ် ၁၁၇၁ ဦး ရွေးကောက်တင်မြှောက်မည်ဖြစ်ပါသည်။ (တိုင်းဒေသကြီး/ ပြည်နယ်အလိုက် မဲဆန္ဒနယ်စာရင်းနှင့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက်စာရင်းကို ဇယားဖြင့် ဖော်ပြထားပါသည်။)

## လွှတ်တော်ကိုယ်စားလှယ်လောင်း အရည်အချင်းကိုကည်ရန်လို

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၅ တွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များအရ သော်လည်းကောင်း၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအရသော်လည်းကောင်း၊ အရည်အချင်းပျက်ယွင်းသူ မဟုတ်ပါက နိုင်ငံသားတိုင်းသည် လွှတ်တော်တစ်ရပ်ရပ်သို့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀၊ ပုဒ်မ ၁၅၂၊ ပုဒ်မ ၁၆၉ တို့နှင့် ယင်းပုဒ်မများက ဆင်းသက်သည့် လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈ ပါ အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၁ နှင့် ယင်းပုဒ်မက ဆင်းသက်သည့် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းသူ မဖြစ်ရန်လည်း လိုအပ်သည်။ ထို့အပြင် လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိသည့် အရည်အချင်းပျက်ယွင်းသူ မဖြစ်ရန်လည်း အရေးကြီးသည်။ မတရားအသင်းများ၊ အကြမ်းဖက်အဖွဲ့အစည်းများ၊ သောင်းကျန်းသူအဖွဲ့အစည်းများ၊ ယင်းအဖွဲ့အစည်းဝင်များနှင့် ရွေးကောက်တင်မြှောက်ရမည့် FPTP မဲဆန္ဒနယ်များနှင့် တစ်ဦးထက်ပိုသော ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရမည့် PR မဲဆန္ဒနယ်များ ဖြစ်သည်။ မဲဆန္ဒနယ်များ၏ ပုံသဏ္ဌာန် သုံးမျိုးရှိသည်။ မြို့နယ်တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ်သတ်မှတ်သည့်ပုံစံ၊ တစ်ဆက်တစ်စပ်တည်းရှိသော မြို့နယ်များကိုစုစည်း၍ မဲဆန္ဒနယ်တစ်နယ် သတ်မှတ်သည့်ပုံစံ၊ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုလုံးကို မဲဆန္ဒနယ်တစ်နယ် သတ်မှတ်သည့်ပုံစံတို့ဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ယခင်ကတည်းက အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) ဖြင့် မဲဆန္ဒနယ်အတွင်းရှိ မြို့နယ်တစ်ခုခုတွင် နေထိုင်သူဖြစ်ပါက မူလကတည်းက မဲစာရင်းတွင် ပါဝင်ပြီးဖြစ်ပါမည်။ မဲဆန္ဒနယ်ပြင်ပ အခြားမြို့နယ်မှ ပုဂ္ဂိုလ်ဖြစ်ပါက လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းမတင်သွင်းမီ လုပ်ထုံးလုပ်နည်းနှင့်အညီ ပုံစံ (၆၆/၆) ပြောင်းရွှေ့ပြီး မဲစာရင်းတွင် ပါဝင်အောင် အချိန်မီဆောင်ရွက်သွားရန် လိုအပ်သည်။ မဲစာရင်းတွင် ပါဝင်ကြောင်း သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ၏ ထောက်ခံချက်ကို အမည်စာရင်းတင်သွင်းလွှာပုံစံ (၆) တွင် ရယူထားရန်လည်းလိုအပ်သည်။

**❋ လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိသည့် အရည်အချင်းပျက်ယွင်းသူမဖြစ်ရန်လည်း အရေးကြီးသည်။ မတရားအသင်းများ၊ အကြမ်းဖက်အဖွဲ့အစည်းများ၊ သောင်းကျန်းသူအဖွဲ့အစည်းများ၊ ယင်းအဖွဲ့အစည်းဝင်များနှင့် အဆက်အသွယ်ရှိနေသူများ မပါစေရန် စိစစ်ရပါမည်**

**❋ ပုဒ်မ ၈(က) (၃) အရ လွှတ်တော်ကိုယ်စားလှယ်လောင်းသည် မိမိ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်၏ မဲစာရင်းတွင် အမည်ပါဝင်ရန်လိုအပ်သည်။ ရည်ရွယ်ချက်နှင့် အနှစ်သာရမှာ မဲဆန္ဒနယ်တွင် နေထိုင်သူဖြစ်ပြီး ဒေသအကျိုးကို နီးနီးကပ်ကပ် ဆောင်ရွက်ပေးနိုင်ရန်ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းသည် မိမိမဲဆန္ဒနယ်တွင် ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင်များနှင့် အတူတကွ မဲပေးနိုင်မည့် အခွင့်အရေးလည်းဖြစ်**

## သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင် အမည်ပါဝင်ရန်လို

လွှတ်တော်ရွေးကောက်ပွဲဥပဒေများကို ဆင့်မအကြိမ် ပြင်ဆင်သည့်ဥပဒေတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူ ပြဋ္ဌာန်းချက် ပုဒ်မ ၈ တွင် အချက် ၃ ချက် ထပ်မံဖြည့်စွက်ထားကြောင်း သတိပြုရပါမည်။

ပုဒ်မ ၈(က) (၃) အရ လွှတ်တော်ကိုယ်စားလှယ်လောင်းသည် မိမိရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်၏ မဲစာရင်းတွင် အမည်ပါဝင်ရန် လိုအပ်သည်။ ရည်ရွယ်ချက်နှင့် အနှစ်သာရမှာ မဲဆန္ဒနယ်တွင် နေထိုင်သူဖြစ်ပြီး ဒေသအကျိုးကို နီးနီးကပ်ကပ် ဆောင်ရွက်ပေးနိုင်ရန်ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းသည် မိမိမဲဆန္ဒနယ်တွင် ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင်များနှင့် အတူတကွ မဲပေးနိုင်မည့် အခွင့်အရေးလည်း ဖြစ်သည်။

MMP စနစ်အရ လွှတ်တော်အလိုက် မဲဆန္ဒနယ် အမျိုးအစားနှစ်မျိုးရှိသည်။ ကိုယ်စားလှယ်တစ်ဦးစီ အဆက်အသွယ်ရှိနေသူများမပါစေရန် သတိပြုစိစစ်ရပါမည်။

## အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်သူဖြစ်ရမည်

ရွေးကောက်ပွဲဥပဒေပုဒ်မ ၈ (ဂ)အရ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် အနိမ့်ဆုံး ပညာအရည်အချင်း အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်သူဖြစ်ရပါမည်။ ရှင်းလင်းချက်-အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်သူဆိုသည်မှာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခြင်း မရှိသော်လည်း အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်အားလုံးကို သင်ယူပြီးမြောက်ခဲ့သူကို ဆိုပါသည်။ ဤပြဋ္ဌာန်းချက်နှင့် တိုက်ဆိုင်နေသူဖြစ်ပါက သက်ဆိုင်ရာ ကျောင်း/ဌာန၏ ထောက်ခံချက် သို့မဟုတ် အခြေခံပညာအထက်တန်းဆင့် သင်ယူပြီးမြောက်ကြောင်းလက်မှတ် တင်ပြရန် လိုအပ်သည်။ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ၊ တက္ကသိုလ်အတန်းတစ်ခုခုတွင် တက်ရောက်နေသူများ/ တက်ရောက်ဖူးသူများ၊ အစိုးရ အသိအမှတ်ပြု တက္ကသိုလ်/ကောလိပ်မှ ဘွဲ့ရသူများအတွက် မိမိ၏ပညာအရည်အချင်း လက်မှတ်တစ်ခုခုတင်ပြရန် လိုအပ်ပါသည်။

## နိုင်ငံတော်နှင့် ပုဂ္ဂလိကသို့ မသင့်လျော်သည့် ပေးရန်တာဝန်များ ကင်းရှင်းသူ

ရွေးကောက်ပွဲဥပဒေပုဒ်မ ၈ (ဃ)အရ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် နိုင်ငံတော်နှင့် ပုဂ္ဂလိကသို့ မသင့်လျော်သည့် ပေးရန်တာဝန်များ ကင်းရှင်းသူဖြစ်ရန် လိုပါသည်။ အထူးသတိပြုရန် လိုအပ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းလွှာနှင့်အတူ လွှတ်တော်ကိုယ်စားလှယ်လောင်းကိုယ်တိုင်က နိုင်ငံတော်နှင့် ပုဂ္ဂလိကသို့ မသင့်လျော်သည့် ပေးရန်တာဝန်များ ကင်းရှင်းသူဖြစ်ကြောင်း ကိုယ်တိုင်ဝန်ခံချက် ပူးတွဲတင်ပြရပါမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း စိစစ်ချိန်တွင် ဤပုဒ်မနှင့် ငြိစွန်းကြောင်း ကန့်ကွက်ခံရပြီး မှန်ကန်ပါက လွှတ်တော်ကိုယ်စားလှယ်လောင်းအရည်အချင်း ပျက်ယွင်းသွားမည်ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးမှ ဤပုဒ်မနှင့် ငြိစွန်းကြောင်း တိုင်ကြားခံရလျှင်လည်း ရွေးကောက်ပွဲခုံအဖွဲ့ဖြင့် စစ်ဆေးချိန်တွင် မှန်ကန်ကြောင်း ပေါ်ပေါက်ပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်ရှိမည်မဟုတ်ကြောင်း သတိချပ်စေလိုပါသည်။

## အမည်စာရင်းတင်သွင်းရမည့် သတ်မှတ်နေ့ရက်

မဲဆန္ဒနယ်အသီးသီးအတွက် ကိုယ်စားလှယ်လောင်းအမည်စာရင်း စတင်တင်သွင်းနိုင်သည့် ရက်မှာ ၈-၉-၂၀၂၅ ရက်နေ့ဖြစ်ပြီး နောက်ဆုံး တင်သွင်းရမည့်နေ့ရက်မှာ ၁၇-၉-၂၀၂၅ ရက်နေ့အထိ ၁၀ ရက်ဖြစ်ပါသည်။ အမည်စာရင်းတင်သွင်းလွှာကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့်နောက်ဆုံးနေ့ရက်မှာ ၁၂-၉-၂၀၂၅ ရက်နေ့ဖြစ်ပါသည်။ PR မဲဆန္ဒနယ်များအတွက် အမည်စာရင်းရုပ်သိမ်းပါက ပြန်လည်အစားထိုး တင်သွင်းရမည့်ရက်မှာ ၁၃-၉-၂၀၂၅ ရက်နေ့မှ ၁၇-၉-၂၀၂၅ ရက်နေ့အထိ ဖြစ်ပါသည်။

ကော်မရှင်က သတ်မှတ်ကြေညာလိုက်သည့် ရက်အတွင်း ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းခြင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်းအတွက် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများ၊ သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများနှင့် တရားရုံးများကို ရုံးပိတ်ရက်တွင်ပါ ဖွင့်လှစ်ပေးရန် ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

## အမည်စာရင်းတင်သွင်းရမည့် ကော်မရှင်အဖွဲ့ခွဲများ

ပြည်သူ့လွှတ်တော် FPTP မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းသည် မဲဆန္ဒနယ်နှင့်သက်ဆိုင်သည့် ပြည်ထောင်စုနယ်မြေကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲတွင် အမည်စာရင်း တင်သွင်းရမည်။

အမျိုးသားလွှတ်တော် FPTP နှင့် PR မဲဆန္ဒနယ်များအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ကော်မရှင်အဖွဲ့ခွဲတွင် အမည်စာရင်း တင်သွင်းရပါမည်။

စာမျက်နှာ ၇ သို့ ✪

✪ စာမျက်နှာ ၆ မှ

အထူးသတိပြုရန်မှာ FPTP မဲဆန္ဒနယ်တွင် ပါတီကိုယ်စားပြုကိုယ်စားလှယ်လောင်း ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီများသည် ယင်း FPTP မဲဆန္ဒနယ်အကျုံးဝင်သည့် PR မဲဆန္ဒနယ်အတွက်လည်း ရွေးကောက်တင်မြောက်ရမည့် ကိုယ်စားလှယ်အရေအတွက်အတိုင်း တစ်ဆက်တည်း အမည်စာရင်းတင်သွင်းရပါမည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသတစ်ခုစီအတွက် FPTP မဲဆန္ဒနယ်တစ်နယ်စီ သီးခြားပါဝင်ပြီး ယင်း FPTP မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်းများသည် သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသရရှိထားသည့် တိုင်းရင်းသားလူမျိုးများ ဖြစ်သင့်ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် FPTP နှင့် PR မဲဆန္ဒနယ်များအတွက် ကော်မရှင်က သတ်မှတ်ပေးသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲတွင် အမည်စာရင်းတင်သွင်းရပါမည်။ အမျိုးသားလွှတ်တော်နည်းတူ FPTP မဲဆန္ဒနယ်နှင့် PR မဲဆန္ဒနယ်များအတွက် သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း အမည်စာရင်းတင်သွင်းရပါသည်။ တိုင်းရင်းသားလူမျိုး FPTP မဲဆန္ဒနယ်များအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတွင် အမည်စာရင်း တင်သွင်းရပါမည်။

ယခုအခါ ပြည်ထဲရေးဝန်ကြီးဌာန၏ ခရိုင်များတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းအရ မူလခရိုင်များအပြင် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းသည့် ခရိုင်အသစ်များလည်း ပေါ်ပေါက်လာပါသည်။ ခရိုင်များ တိုးချဲ့ဖွဲ့စည်းလိုက်သဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရမည့် ခရိုင်ကော်မရှင်အဖွဲ့ခွဲများ သတ်မှတ်ချက်အား ကော်မရှင်က ၂၆-၈-၂၀၂၅ ရက်နေ့တွင် နိုင်ငံရေးပါတီများသို့ အသိပေး အကြောင်းကြားစာပေးပို့ခဲ့ပါသည်။ ကော်မရှင်က သတ်မှတ်သည့်ခရိုင်များတွင် ကိုယ်စားလှယ်လောင်းအမည်စာရင်းများ တင်သွင်းရမည်ဖြစ်ပါသည်။ ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းရာတွင် ကော်မရှင်က သတ်မှတ်ကြေညာလိုက်သည့် မဲဆန္ဒနယ်အားလုံးအတွက် တင်သွင်းနိုင်မည်ဖြစ်ပါသည်။ ရွေးကောက်ပွဲကို အပိုင်းလိုက်ခွဲ၍ ဆောင်ရွက်ခြင်းမှာ ဆန္ဒမဲပေးရမည့်ရက်ကိုသာ ခွဲခြားသတ်မှတ်ခြင်းဖြစ်ပြီး အပိုင်း(၁) ရွေးကောက်ပွဲရက်မတိုင်မီ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ စုံလင်အောင် ဆောင်ရွက်ထားရခြင်း ဖြစ်ပါသည်။

### ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း

လွှတ်တော်ကိုယ်စားလှယ်လောင်းသည် အမည်စာရင်းတင်သွင်းလွှာပုံစံ (၆) မူရင်းနှစ်စောင်နှင့် အတူ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) မိတ္တူတစ်စောင်၊ ကော်မရှင်က သတ်မှတ်သည့် ကိုယ်ရေးမှတ်တမ်း မူရင်းနှစ်စောင်၊ ရွေးကောက်ပွဲဝင်ခွင့်အတွက် ပေးသွင်းငွေ ငါးသိန်းပေးသွင်းပြီးကြောင်း ချလန်ဖြတ်ပိုင်းမူရင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦး ခန့်အပ်ခြင်းအတွက် ကိုယ်တိုင်ဆောင်ရွက်ပါက ခန့်စာပုံစံ (ဂ) နှစ်စောင် သို့မဟုတ် အခြားသူတစ်ဦးဦးအား ခန့်အပ်ပါက ပုံစံ (ဂ-က) နှစ်စောင်၊ ပညာအရည်အချင်းအတွက် ထောက်ခံချက်/လက်မှတ်၊ အခွန်ကင်းရှင်းကြောင်း သက်ဆိုင်ရာ အခွန်ဦးစီးမှူးရုံး ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်ကြောင်း ပါတီဌာနချုပ်၏ ထောက်ခံချက်၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းဖြစ်ပါက မိမိအသုံးပြုမည့် သင်္ကေတအမှတ်အသား Hard Copy နှင့် Soft Copy တို့ကို ပူးတွဲတင်ပြရပါမည်။

လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၀ (က) အရ လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် အခြားသူတစ်ဦးဦးကို ခန့်အပ်မည်ဆိုပါက လွှတ်တော်ကိုယ်စားလှယ်လောင်းအရည်အချင်းများနှင့် ပြည့်စုံသူကိုသာ ခန့်အပ်ရန် သတိပြုရပါမည်။ အမည်စာရင်းတင်သွင်းလွှာ စိစစ်ချိန်တွင် ရွေးကောက်ပွဲကိုယ်စားလှယ်ကန့်ကွက်ခံရပါက ဖြေရှင်းနိုင်ရန်နှင့် အငြင်းမပွားရစေရန် ရွေးကောက်ပွဲကိုယ်စားလှယ်အတွက်လည်း အထောက်အထား၊ စာရွက်စာတမ်းများ ရယူထားရန်လိုပါသည်။

အမည်စာရင်းတင်သွင်းလွှာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းသည် မြို့နယ်တရားသူကြီးအဆင့်ထက်မနိမ့်သော တရားသူကြီးတစ်ဦးဦး ရေ့မှောက်၌ လက်မှတ်ရေးထိုးကြောင်း တရားသူကြီးက ထပ်ဆင့်လက်မှတ်ရေးထိုး၍ ရုံးတံဆိပ်ရိုက်နှိပ်ပေးရမည်။ အမည်စာရင်းတင်သွင်းလွှာနှင့် ကိုယ်ရေးမှတ်တမ်းတွင် လိမ်လည်ဖြည့်သွင်းထားကြောင်း သို့မဟုတ် ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများကို အတုပြုလုပ်၍ တင်သွင်းထားကြောင်း စစ်ဆေးတွေ့ရှိရပါက ပုဒ်မ ၈၈-က အရ တရားစွဲဆိုခံရနိုင်ပါသည်။

### MMP စနစ်အရ PR မဲဆန္ဒနယ်အတွက် အမည်စာရင်းတင်သွင်းခြင်း

လွှတ်တော် ၃ ရပ် FPTP မဲဆန္ဒနယ်အတွက် ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းရာတွင် ကိုယ်စားလှယ်လောင်းကိုယ်တိုင်ဖြစ်စေ၊ ယင်း၏ကိုယ်စား ဆောင်ရွက်သူတစ်ဦးဦးက ဖြစ်စေ သတ်မှတ်ထားသည့် ကော်မရှင်အဖွဲ့ခွဲတွင် တင်သွင်းရပါမည်။

အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် PR မဲဆန္ဒနယ်အတွက် ပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်းကို ပါတီကဖြစ်စေ၊ ပါတီကိုယ်စား ဆောင်ရွက်သူတစ်ဦးဦးကဖြစ်စေ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲတွင် တင်သွင်းရပါမည်။ ဤနေရာတွင် MMP စနစ်အရ FPTP နှင့် PR စနစ်ကို ချိတ်ဆက်ထားခြင်းဖြစ်သဖြင့် FPTP မဲဆန္ဒနယ် (အမျိုးသားလွှတ်တော်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသ FPTP မဲဆန္ဒနယ် ခြောက်နယ်မပါ) တွင် ပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်းဝင်ရောက်ယှဉ်ပြိုင်ကြသည့် ပါတီများက ယင်း FPTP မဲဆန္ဒနယ်အကျုံးဝင်သည့် PR မဲဆန္ဒနယ်အတွက်လည်း ရွေးကောက်ရမည့် ကိုယ်စားလှယ်အရေအတွက်အတိုင်း တစ်ဆက်တည်း အမည်စာရင်းတင်သွင်းရန်ဖြစ်ပါသည်။ ကိုယ်စားလှယ်လောင်းအရေအတွက် လျော့ပေါ့တင်သွင်း၍မရပါ။ MMP စနစ်အတွက် အဓိကအချက်ဖြစ်ပါသည်။ PR မဲဆန္ဒနယ်အတွက် ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်းနှင့်အတူ ပါတီဌာနချုပ်က PR မဲဆန္ဒနယ် တစ်နယ်စီအတွက် ကိုယ်စားလှယ်လောင်း ဦးစားပေးအစဉ်လိုက် အမည်စာရင်းကို ကော်မရှင်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ Closed List PR စနစ်အရ တင်ပြရပါမည်။

FPTP မဲဆန္ဒနယ်တွင် ကိုယ်စားလှယ်လောင်းကရကရှိသည့် ဆန္ဒမဲကို PR မဲဆန္ဒနယ်အတွက် ပါတီကရရှိသည့် ဆန္ဒမဲအဖြစ် စုစည်းတွက်ချက်သွားမည်ဖြစ်ပါသည်။ PR မဲဆန္ဒနယ်အတွက် ပါတီအသီးသီးက စုစည်းရရှိသည့် ဆန္ဒမဲများအပေါ်မူတည်ပြီး ပါတီအများသိပြီးဖြစ်သော ရိုးရှင်းလွယ်ကူသည့် Closed List PR စနစ်၊ အနည်းဆုံးရရှိရမည့်အခြေခံမဲ Hare Quota တွက်နည်း၊ ကြွင်းကျန်မဲ အများဆုံးနည်းလမ်း (The Largest Remainder Method) တို့ဖြင့် ပါတီအချိုးကျ PR ကိုယ်စားလှယ်များကို ဥပဒေအတိုင်း တွက်ချက်သွားမည်ဖြစ်ပါသည်။

ထိုသို့ တွက်ချက်ရာတွင် PR မဲဆန္ဒနယ်များသည် ပါတီအချိုးကျကိုယ်စားလှယ်များအတွက် သတ်မှတ်ခြင်းဖြစ်သဖြင့် FPTP မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလများရရှိသော ခိုင်လုံမဲများကို PR မဲဆန္ဒနယ်တွင် ထည့်သွင်းတွက်ချက်ခြင်းမပြုကြောင်း သိရှိထားရန်လိုပါသည်။ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများအနေဖြင့် လွှတ်တော်သုံးရပ်စလုံးအတွက် FPTP မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် အခွင့်အရေးရှိမည်ဖြစ်ပါသည်။

### ကိုယ်စားလှယ်လောင်း ဦးစားပေး အစဉ်လိုက်အမည်စာရင်းဆိုသည်မှာ

PR မဲဆန္ဒနယ် တစ်နယ်ချင်းစီအတွက် ပါတီဌာနချုပ်က ကိုယ်စားလှယ်လောင်းဦးစားပေး အစဉ်လိုက် အမည်စာရင်းကို ကော်မရှင်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ နည်းဥပဒေ ၁၈ အရ ပုံစံ (၆-ဘ) မူရင်းဖြင့် တင်ပြရပါမည်။ Closed List PR စနစ်အရ ဖြစ်ပါသည်။ ထိုအမည်စာရင်းသည် ရွေးကောက်ပွဲရလဒ်အရ ထွက်ပေါ်လာမည့် လွှတ်တော်သက်တမ်းအတွင်း အသက်ဝင်နေမည်ဖြစ်သည်။ PR မဲဆန္ဒနယ်တွင် ပါတီတစ်ခုမှ ရွေးကောက်တင်မြောက်ခံထားရသည့် ကိုယ်စားလှယ် အကြောင်းတစ်စုံတစ်ရာကြောင့် လစ်လပ်ပါက ထိုအမည်စာရင်းပါ ဦးစားပေးအစီအစဉ်အတိုင်း အစဉ်လိုက် အစားထိုးဖြည့်စွက်ပြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် သတ်မှတ်ကြေညာပေးရမည့် လုပ်ထုံးလုပ်နည်းအရ ဖြစ်ပါသည်။ အထူးသတိပြုရန်မှာ ထိုအမည်စာရင်းတွင် ကျန်ရှိနေသော လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် လွှတ်တော်ကိုယ်စားလှယ်လောင်းအရည်အချင်း မပျက်ယွင်းရန် လိုအပ်ပါသည်။

### အမည်စာရင်းတင်သွင်းလွှာရုပ်သိမ်းခြင်း

လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာရုပ်သိမ်းလိုပါက FPTP မဲဆန္ဒနယ်အတွက် ကိုယ်စားလှယ်လောင်းက ပုံစံ (ဌ) ဖြင့် လည်းကောင်း၊ PR မဲဆန္ဒနယ်အတွက် သက်ဆိုင်ရာပါတီက ပုံစံ (ဌ-က) ဖြင့်လည်းကောင်း အမည်စာရင်းတင်သွင်းခဲ့သည့် ကော်မရှင်အဖွဲ့ခွဲသို့ ၁၂-၉-၂၀၂၅ ရက်နေ့အတွင်း တင်ပြရပါမည်။ ထိုနေ့ကျော်လွန်ပါက ရုပ်သိမ်းခွင့်မရှိတော့ပါ။ PR မဲဆန္ဒနယ်အတွက် အမည်စာရင်းတင်သွင်းလွှာရုပ်သိမ်းခြင်းဖြစ်ပါက သက်ဆိုင်ရာပါတီက အစားထိုး ပြန်လည်တင်သွင်းခြင်းကို ၁၃-၉-၂၀၂၅ ရက်နေ့မှ ၁၈-၉-၂၀၂၅ ရက်နေ့အတွင်း ဆောင်ရွက်ရပါမည်။

### အမည်စာရင်းတင်သွင်းလွှာစိစစ်ခြင်း

သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက အမည်စာရင်းတင်သွင်းလွှာများ စိစစ်ခြင်းကို ၁၈-၉-၂၀၂၅ ရက်နေ့မှ ၄-၁၀-၂၀၂၅ ရက်နေ့အတွင်း ဆောင်ရွက်ပါမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများက မိမိ၏အမည်စာရင်းတင်သွင်းလွှာ စိစစ်မည့်နေ့ရက်ကို အမည်စာရင်းတင်သွင်းခဲ့သည့် ကော်မရှင်အဖွဲ့ခွဲတွင် စုံစမ်းထားရန် လိုအပ်ပါသည်။ ကော်မရှင်အဖွဲ့ခွဲကလည်း အသိပေးကြေညာထားမည် ဖြစ်ပါသည်။ စိစစ်ရန်သတ်မှတ်ထားသည့် နေ့ရက်၊ အချိန်နှင့် နေရာသို့ အောက်ပါပုဂ္ဂိုလ်များ လာရောက်ခွင့်ရှိပါသည်-

(က) သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊

(ခ) သက်ဆိုင်ရာ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊

(ဂ) လွှတ်တော် ကိုယ်စားလှယ်လောင်း အသီးသီးက ဤကိစ္စအလို့ငှာစာဖြင့် တာဝန်လွှဲအပ်ထားသူ၊

(ဃ) ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲကို ကူညီရန် အတွက် ယင်းအဖွဲ့ခွဲက တာဝန်ပေးအပ်ခြင်းခံရသူများ၊

(င) သက်ဆိုင်ရာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ။

အမည်စာရင်းတင်သွင်းလွှာများကို စိစစ်ချိန်တွင် ကော်မရှင်အဖွဲ့ခွဲက စိစစ်တွေ့ရှိ၍ဖြစ်စေ၊ ယှဉ်ပြိုင်အရွေးခံသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးကဖြစ်စေ၊ လုံလောက်သော အထောက်အထားတင်ပြ၍ ကန့်ကွက်ပါက ကန့်ကွက်ချက်ကို စုံစမ်းစစ်ဆေးရသည်။ မှန်ကန်ကြောင်း ခိုင်လုံသောအထောက်အထား စစ်ဆေးတွေ့ရှိရပါက အမည်စာရင်းတင်သွင်းလွှာ အပယ်ခံရနိုင်ပါသည်။

ကော်မရှင်အဖွဲ့ခွဲသည် သတ်မှတ်ထားသော နေ့တွင် အမည်စာရင်းတင်သွင်းလွှာစိစစ်ခြင်းကို ပြီးပြတ်အောင် ဆောင်ရွက်ရပါသည်။ ကန့်ကွက်ချက်ရှိလျှင် ထိုကန့်ကွက်ချက်အပေါ် စုံစမ်းစစ်ဆေးခြင်းနှင့် အမိန့်ချမှတ်ခြင်းကို ခုနစ်ရက်အတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရသည်။

### အယူခံဝင်ခြင်း

လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ကန့်ကွက်ချက်နှင့်စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ခွဲ၏ အမိန့်ကို မကျေနပ်လျှင် အမိန့်ချမှတ်သည့်ရက်မှ စ၍ ခုနစ်ရက်အတွင်း အယူခံနိုင်သည်။ ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များအတွက်ဖြစ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ အယူခံတင်သွင်းရပါမည်။ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်နှင့် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်အတွက်ဖြစ်ပါက ကော်မရှင်သို့ အယူခံတင်သွင်းရပါမည်။ အယူခံလွှာများကို လိုအပ်သလို စိစစ်ပြီး အယူခံလွှာရရှိသည့်ရက်မှ ခုနစ်ရက်အတွင်း သင့်လျော်သောအမိန့်ကို ချမှတ်ရမည်ဖြစ်ပါသည်။

စာမျက်နှာ ၈ သို့ ✪

**“ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်တင်မြောက်ခြင်းဆိုင်ရာ ဥပဒေအရ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံရမည့်အပြင် အရည်အချင်းပျက်ယွင်းသူမဖြစ်ရန် လိုပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် ဥပဒေအရဆောင်ရွက်ရမည့် တာဝန်များရှိသလို ဥပဒေကပေးအပ်ထားသည့် အခွင့်အရေးများလည်း ရှိပါသည်။ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲအတွက် အမည်စာရင်းတင်သွင်းခြင်း လုပ်ထုံးလုပ်နည်းအဆင့်ဆင့်ကို သိရှိနားလည်ထားရန်လည်း လိုအပ် ”**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ညောင်ရွှေမြို့ရှိ အားကစားကွင်းများအား ကွင်းဆင်းကြည့်ရှုပြီး ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များနှင့် တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၈**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့နံနက်ပိုင်းတွင် ညောင်ရွှေမြို့နယ် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဟိုတယ်၊ တည်းခိုရိပ်သာများမှ လုပ်ငန်းရှင်များနှင့် ဟူပင်ဟိုတယ်၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက၊ အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့၌ မဲခေါင်–လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၃)ဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန သင်တန်းကျောင်းကို ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးရှိသော လူစွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသော ညောင်ရွှေမြို့ရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာများအနေဖြင့် သတ်မှတ်ချက်များနှင့်အညီ အမြန်ဆုံး ပြန်လည်ပြုပြင်မွမ်းမံ၍ ဧည့်သည်များ လက်ခံနိုင်အောင် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုနှင့် ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်နေမှုနှင့် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ညောင်ရွှေမြို့ရှိ ဝန်ကြီးဌာနမှ ဌားရမ်းထားရှိသည့် ဟိုတယ်များ၏ ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တည်းခိုနေထိုင်ရေးအတွက် ပြင်ဆင်ထားရှိမှု၊ ဟိုတယ်နှင့် ခရီးသွားဥပဒေကြီးမှဦးစီးဌာန သတင်းနှင့် ပြန်ကြားရေးကောင်တာ၌ ခရီးစဉ်ဒေသဆိုင်ရာ အချက်အလက်များ၊ ခရီးသွားလမ်းညွှန်မြေပုံများနှင့် စာအုပ်၊ စာစောင်များ စီစဉ်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားဥပဒေကြီးမှ ဦးစီးဌာန တောင်ကြီးရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် အခြေခံစားသောက်ကုန်များ ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် ရှမ်းပြည်နယ် ကလောခရိုင် ညောင်ရွှေမြို့နယ်အားကစားကွင်းရှိ အားကစားကွင်းနှင့် ပွဲကြည့်စင်များ ကြံ့ခိုင်မှုအခြေအနေ၊ အားကစားကွင်းနှင့် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများနှင့် အတူ ပြည်နယ်အားကစားကွင်း၌ ကျင်းပလျက်ရှိသည့် ၂၀၂၅ ခုနှစ် ပြည်နယ်ဝန်ကြီးချုပ်ဖလားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ခရိုင်များအလိုက် အသက် (၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲသို့ တက်ရောက်ပြီး တတိယနေရာလု ပွဲစဉ်အဖြစ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသင်းနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲပြီးဆုံးချိန်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိသည့်အတွက် ပင်နယ်တီဆက်လက်ကစားရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။

**သတင်းစဉ်**

---

*** ဂျာမနီမှ**

၂၀၂၅ ခုနှစ်အတွင်းမှာ စပိန်အသင်းအတွက် သွင်းဂိုးခြောက်ဂိုးအထိ ရှိလာခဲ့တာဖြစ်ပါတယ်။ စပိန်အသင်းဟာ ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုအဆင့် အဖွင့်နှစ်ပွဲလုံး အနိုင်ရပြီး ခြောက်မှတ်ရရှိထားတာဖြစ်ပါတယ်။

အခြားပွဲစဉ်တွေမှာတော့ ဘယ်လ်ဂျီယံအသင်းက ကာဇက်စတန်အသင်းကို ခြောက်ဂိုး–ဂိုးမရှိ၊ ဆလိုဗက်ကီးယားအသင်းက လူဇင်ဘတ်အသင်းကို တစ်ဂိုး–ဂိုးမရှိ၊ ဂျော်ဂျီယာအသင်းက ဘူလ်ဂေးရီးယားအသင်းကို သုံးဂိုး–ဂိုးမရှိ၊ နယ်သာလန်အသင်းက လစ်သူရေးနီးယားအသင်းကို သုံးဂိုး–နှစ်ဂိုး၊ ပိုလန်အသင်းက ဖင်လန်အသင်းကို သုံးဂိုး–တစ်ဂိုး၊ မက်ဆီဒိုးနီးယားအသင်းက လီချန်စတိန်းအသင်းကို ငါးဂိုး–ဂိုးမရှိ စသဖြင့် အသီးသီး အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

**ငွေကြေယ်**

---

❂ စာမျက်နှာ ၇ မှ

## ကိုယ်စားလှယ်လောင်းအမည်စာရင်း ကြေညာခြင်း

လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများ စိစစ်ပြီးပါက ကော်မရှင်က သတ်မှတ်သည့်နေ့ရက်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းကြေညာချက်ကို FPTP မဲဆန္ဒနယ်များအတွက် ပုံစံ (၁၀)တွင် ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို အက္ခရာစဉ်အလိုက်ပြုစု၍ လည်းကောင်း၊ PR မဲဆန္ဒနယ်များအတွက် ပုံစံ (၁၀–က) တွင် ပါတီအမည်နှင့် ပါတီကိုယ်စားပြုကိုယ်စားလှယ်လောင်းအမည်တို့ကို အက္ခရာစဉ်အလိုက်ပြုစု၍ လည်းကောင်း ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က ကြေညာပေးသွားမည်ဖြစ်ပါသည်။ FPTP ကိုယ်စားလှယ်လောင်းကိုသာ မဲပေးရသည့် စနစ်ဖြစ်သဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း ကြေညာချက်ပုံစံ (၁၀) တွင် ပါရှိသည့် အစီအစဉ်အတိုင်း ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့် အီလက်ထရောနစ်မဲပေးစက်၏ ဆန္ဒပြုစက် (Ballot Unit) တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်ဆန္ဒမဲပေးခြင်း ဖြစ်စေ၊ မဲရုံတွင် အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်းဖြစ်စေ မဲဆန္ဒရှင်က နှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို တစ်ကြိမ်သာ ဆန္ဒပြုမဲပေးရမည်ဖြစ်ပါသည်။

## နိဂုံး

သို့ဖြစ်ပါ၍ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံရမည့်အပြင် အရည်အချင်းပျက်ယွင်းသူမဖြစ်ရန် လိုပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် ဥပဒေအရဆောင်ရွက်ရမည့် တာဝန်များ ရှိသလို ဥပဒေကပေးအပ်ထားသည့် အခွင့်အရေးများလည်း ရှိပါသည်။ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲကြီး အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေးအတွက် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် အထောက်အကူပြုနိုင်ရန် လေ့လာမိသမျှ ရေးသားတင်ပြလိုက်ရပါသည်။ ။

## တိုင်းဒေသကြီး/ပြည်နယ်အလိုက် မဲဆန္ဒနယ်နှင့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက်စာရင်း

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ပြည်သူ့လွှတ်တော် | | အမျိုးသားလွှတ်တော် | | | | တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | FPTP မဲဆန္ဒနယ် | ကိုယ်စားလှယ်ဦးရေ | FPTP မဲဆန္ဒနယ် | ကိုယ်စားလှယ်ဦးရေ | PR မဲဆန္ဒနယ် | ကိုယ်စားလှယ်ဦးရေ | FPTP မဲဆန္ဒနယ် | ကိုယ်စားလှယ်ဦးရေ | PR မဲဆန္ဒနယ် | ကိုယ်စားလှယ်ဦးရေ | တိုင်းရင်းသားလူမျိုး FPTP မဲဆန္ဒနယ် | တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်ဦးရေ | |
| ၁ | ကချင် | ၁၈ | ၁၈ | ၆ | ၆ | ၂ | ၆ | ၁၈ | ၁၈ | ၂ | ၁၈ | ၄ | ၄ | |
| ၂ | ကယား | ၇ | ၇ | ၆ | ၆ | ၁ | ၆ | ၇ | ၇ | ၁ | ၇ | ၁ | ၁ | |
| ၃ | ကရင် | ၇ | ၇ | ၆ | ၆ | ၁ | ၆ | ၇ | ၇ | ၁ | ၇ | ၃ | ၃ | |
| ၄ | ချင်း | ၉ | ၉ | ၆ | ၆ | ၁ | ၆ | ၉ | ၉ | ၁ | ၉ | | | |
| ၅ | စစ်ကိုင်း | ၃၇ | ၃၇ | ၆ | ၆ | ၂ | ၆ | ၃၇ | ၃၇ | ၃ | ၃၇ | ၂ | ၂ | |
| ၆ | တနင်္သာရီ | ၁၀ | ၁၀ | ၆ | ၆ | ၁ | ၆ | ၁၀ | ၁၀ | ၁ | ၁၀ | ၁ | ၁ | |
| ၇ | ပဲခူး | ၂၈ | ၂၈ | ၆ | ၆ | ၂ | ၆ | ၂၈ | ၂၈ | ၅ | ၂၈ | ၁ | ၁ | |
| ၈ | မကွေး | ၂၅ | ၂၅ | ၆ | ၆ | ၂ | ၆ | ၂၅ | ၂၅ | ၄ | ၂၅ | ၁ | ၁ | |
| ၉ | မန္တလေး | ၃၆ | ၃၆ | ၆ | ၆ | ၃ | ၆ | ၂၈ | ၂၈ | ၅ | ၂၈ | ၁ | ၁ | |
| ၁၀ | မွန် | ၁၀ | ၁၀ | ၆ | ၆ | ၁ | ၆ | ၁၀ | ၁၀ | ၁ | ၁၀ | ၃ | ၃ | |
| ၁၁ | ရခိုင် | ၁၇ | ၁၇ | ၆ | ၆ | ၂ | ၆ | ၁၇ | ၁၇ | ၂ | ၁၇ | ၁ | ၁ | |
| ၁၂ | ရန်ကုန် | ၄၅ | ၄၅ | ၆ | ၆ | ၃ | ၆ | ၄၅ | ၄၅ | ၆ | ၄၅ | ၂ | ၂ | |
| ၁၃ | ရှမ်း | ၁၅ | ၁၅ | ၆ | ၆ | ၃ | ၆ | ၁၅ | ၁၅ | ၆ | ၁၅ | ၇ | ၇ | |
| ၁၄ | ဧရာဝတီ | ၂၆ | ၂၆ | ၆ | ၆ | ၂ | ၆ | ၂၆ | ၂၆ | ၄ | ၂၆ | ၂ | ၂ | |
| စုစုပေါင်း | | ၃၃၀ | ၃၃၀ | ၉၄ | ၉၄ | ၂၆ | ၉၄ | ၃၂၂ | ၃၂၂ | ၄၂ | ၃၂၂ | ၂၉ | ၂၉ | |

**မှတ်ချက်။** ပြည်သူ့လွှတ်တော် FPTP မဲဆန္ဒနယ် ၃၃၀ နယ်၊ အမျိုးသားလွှတ်တော် FPTP မဲဆန္ဒနယ် ၉၄ နယ်နှင့် PR မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် FPTP မဲဆန္ဒနယ် ၃၂၂ နယ်၊ PR မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းရင်းသားလူမျိုး FPTP မဲဆန္ဒနယ် ၂၉ နယ် စုစုပေါင်း မဲဆန္ဒနယ် ၈၃၃ နယ်၊ လွှတ်တော်ကိုယ်စားလှယ် ၁၁၇၁ ဦး။

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနား တက်ရောက်

**မုံရွာ စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းပညာရေးတက္ကသိုလ်ရှိ မိုးလုံလေလုံအားကစားခန်းမ၌ ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသည့် ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက “ဝထကလသ”သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လူတိုင်းစာရေး၊ စာဖတ်နိုင်စေရန် တာဝန်ရှိသူအားလုံးမှ ပိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ စာတတ်မြောက်ခြင်းသည် လူတစ်ဦး၏ အသိပညာနှင့် စိတ်ပိုင်းဆိုင်ရာ တိုးတက်စေပြီး လူမှုရေး၊ စီးပွားရေးနှင့် ပေါင်းသင်းဆက်ဆံရေးအမြင်များလည်း ပိုမိုကောင်းမွန်လာစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် Video Clip အားကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး၊ စစ်ကိုင်းမြို့ပေါ်ရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်း၊ မူလတန်း စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် ဆောင်းပါးပြိုင်ပွဲတို့တွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု ရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဂုဏ်ပြုဆုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ စစ်ကိုင်းမြို့ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက “စေတနာပန်းတို့ လန်းရာမြေ”တေးသီချင်းသီဆို၍ဖျော်ဖြေကြပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက သီဆိုကပြဖျော်ဖြေပေးခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဆိုပါခန်းမအတွင်း ခင်းကျင်းပြသထားသည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် လူပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် ဆုရစာစီစာကုံးများ၊ ပန်းချီများပြသထားမှုနှင့် စစ်ကိုင်းမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရန်နိုင်မှ ပြသထားသည့် လက်မှုပညာပစ္စည်းများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်၌ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းနည်း အခြေခံသင်တန်းဖွင့်

**ပွင့်ဖြူ စက်တင်ဘာ ၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အမှတ်(၄၆) စက်မှုလယ်ယာစခန်းက ကြီးမှူးဖွင့်လှစ်သည့် လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းကို ယနေ့နံနက်ပိုင်းက အဆိုပါ မြို့နယ်စက်မှုလယ်ယာစခန်း၌ ကျင်းပသည်။

ဦးစွာ မင်းဘူးခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မင်းအောင်နှင့် ပွင့်ဖြူမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလင်းလင်းအောင်တို့က အမှာစကားများပြောကြားသည်။ ထို့နောက်

မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းထွေးက သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ သင်တန်းတွင်လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက်တာဝန်ရှိသူများက သင်တန်းအတွက် အသုံးပြုရန် အထောက်အကူပစ္စည်းများကို ပေးအပ်သည်။

အဆိုပါ သင်တန်းတွင် လယ်ယာသီးနှံ စိုက်ပျိုးစွမ်းအား တိုးတက်စေရန်အတွက် တောင်သူအကျိုးပြု လယ်ယာသုံးစက်ကိရိယာများ ရေရှည်တည်တံ့ကောင်းမွန်စေရန်၊ စနစ်တကျ ကိုင်တွယ်မောင်းနှင် ထိန်းသိမ်းနည်းပညာနှင့် စက်ကိရိယာများ ချို့ယွင်းပါက ပြုပြင်ဆောင်ရွက်ရမည့် နည်းစနစ်များ၊ လယ်ယာသုံးစက်ကိရိယာဖြင့် သီးနှံများ စိုက်ပျိုးရာတွင် လိုက်နာရမည့် အချက်များကို စက်တင်ဘာ ၈ ရက်မှ ၁၉ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# လပွတ္တာမြို့နယ်၌ ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

**လပွတ္တာ စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွေးနုဒီခန်းမ၌ ယနေ့နံနက်ပိုင်းက စက်မှုလယ်ယာဦးစီးဌာနကကြီးမှူးကျင်းပသော ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်ပွဲ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် လပွတ္တာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးဌာနမှူးဦးအောင်ဇော်ဦးက သင်တန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လပွတ္တာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးဌာနမှူးတို့က သင်တန်းသားများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။ ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက ခင်းကျင်းပြသထားသည့် စက်ကိရိယာများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဧလွန်မြို့နယ်၌ ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

**ဧလွန် စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ဧလွန်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၉) စက်မှုလယ်ယာစခန်းတွင် ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှုအခြေခံသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

သင်တန်းတွင် ဟင်္သာတခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးငြိမ်းသောင်းက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်လျက်ရှိရာ ရိတ်သိမ်းခြွေလှေ့စက်များကို လယ်ယာလုပ်ငန်းခွင်တွင် စနစ်တကျ နည်းမှန်လမ်းမှန် အန္တရာယ်ကင်းစွာ သုံးစွဲတတ်စေရန်၊ ကျွမ်းကျင်စွာ မောင်းနှင်ထိန်းသိမ်းတတ်စေရန်၊ စနစ်တကျချိန်ညှိတတ်စေရန်နှင့် စပါးအလေအလွင့်နည်းပါးရေးတို့အတွက် ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ သင်တန်းကို စက်တင်ဘာ ၈ ရက်မှ ၁၉ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၇ ရက် နံနက်ပိုင်းတွင် စပ်စံထွန်းပြည်သူ့ဆေးရုံကြီး ဝင်းအတွင်းနှင့် ပတ်ဝန်းကျင်တို့၌ ရှမ်းပြည်နယ်တောင်ကြီးခရိုင်ရဲတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး ဌေးရွှေဦးဆောင်၍ တပ်ဖွဲ့ဝင်/ စာရေးဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။** ရဲပြန်ကြား

# ကလောမြို့နယ်၌ မိုးစပါးစိုက်ပျိုးထားရှိမှုအခြေအနေအား တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**ကလော စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ဘော်နင်းကျေးရွာအုပ်စုညောင်ခါးရှည်ကျေးရွာရှိ စီမံကိန်းသီးနှံ(သက်တံ့ရောင်စီမံကိန်း)စိုက်ပျိုးလျက်ရှိသည့် ဘုရားပျိုစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်မှ မိုးစပါးစိုက်ပျိုးထားရှိမှုအခြေအနေကို စက်တင်ဘာ ၇ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ဘုရားပျိုစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်မှ မိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေများနှင့် အသင်းမှလိုအပ်သည့် ငွေကြေးအရင်းအနှီးနှင့် သွင်းအားစုများရရှိစေရေးအတွက် ကလောမြို့နယ်သမဝါယမအသင်းစုနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသည်။ ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံ၍

သမဝါယမကဏ္ဍမှ စီမံကိန်းသီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ကြိတ်ခွဲဖြန့်ဖြူးမှုလုပ်ငန်းစဉ်များ အောင်မြင်အောင်ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **ကျော်ဝင်း(ကလော)**

# အတိတ်ကိုသင်ခန်းစာယူကာ အနာဂတ်ကိုထုဆစ်ကြသည့်အခါ...

**စက်တင်ဘာ ၃ ရက် (ဗုဒ္ဓဟူးနေ့ )နံနက်ပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြို့တော် ပေကျင်းရှိ တီယန်မင်ရင်ပြင်၌ အနီရောင် နိုင်ငံတော်အလံတို့ တလွင့်လွင့် တောက်ပလျက်ရှိသည်။ သောင်းနှင့်ချီသည့် ဧည့်ပရိသတ်များက စတင်တော့မည့်အခမ်းအနားအတွက် စိတ်လှုပ်ရှားလျက်ရှိသည်။**

ခင်ရတနာ

စက်တင်ဘာ ၃ ရက်က တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား ကြည့်ရှုမည့် တီယန်မင်ရင်ပြင်ဗိုလ်ရှုစင်မြင့်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတဦးဆောင်၍ နိုင်ငံပေါင်း ၂၆ နိုင်ငံမှ နိုင်ငံခေါင်းဆောင်များ တက်ရောက်နေရာယူကြစဉ်။

ထိုနေ့သည် တရုတ်နိုင်ငံအတွက် သမိုင်းဝင်နေ့ တစ်ရက်ဖြစ်ပြီး တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် (၈၀) ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား ကျင်းပခြင်းဖြစ်သည်။

အခမ်းအနားသို့ နိုင်ငံပေါင်း ၂၆ နိုင်ငံမှ နိုင်ငံခေါင်းဆောင်အကြီးအကဲများ တက်ရောက်ကာ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြပြီးနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်က တစ်ဦးချင်းကို ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ဗိုလ်ရှုစင်မြင့်သို့ အတူတကွ တက်ရောက်နေရာယူကြသည်။

မကြာမီ အခမ်းအနားကို စတင်သည်။

အခမ်းအနားအတွင်း တရုတ်သမ္မတက မိန့်ခွန်းပြောကြားရာ “ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲတွင် ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံတစ်ဝန်းလုံးမှ ရဲဘော်ဟောင်း၊ မျိုးချစ်ပုဂ္ဂိုလ်အပေါင်းတို့နှင့် စစ်ပွဲအောင်နိုင်ခဲ့ခြင်းအတွက် စွမ်းဆောင်ရည်ကို ပြသခဲ့ကြသော ပြည်တွင်း၊ ပြည်ပရှိ သွေးချင်းသားရင်းအပေါင်းတို့ကို များစွာဂါရဝပြု လေးစားကြောင်းနှင့် တိုက်ပွဲကာလအတွင်း တရုတ်ပြည်သူတို့ကို ကူညီထောက်ပံ့မှုများပေးခဲ့သည့် နိုင်ငံတကာအစိုးရများနှင့် ချစ်ကြည်ရေးပုဂ္ဂိုလ်အပေါင်းတို့ကို ကျေးဇူးတင်ရှိကြောင်း၊ တက်ရောက်လာသည့်နိုင်ငံအသီးသီးမှ ဧည့်သည်တော်အပေါင်းတို့ကိုလည်း လှိုက်လှဲစွာကြိုဆိုကြောင်း” ထည့်သွင်းပြောကြားသည်။

ထို့နောက် သမ္မတက စစ်ရေးပြဂုဏ်ပြုတပ်ဖွဲ့ဝင်များအား ကြည့်ရှုစစ်ဆေးပြီး စစ်ရေးပြအစီအစဉ်များ ပြုလုပ်သည်။

ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များ စစ်ရေးပြအခမ်းအနားတွင် ပြည်သူများနှင့် နိုင်ငံတကာမှစောင့်ကြည့်လေ့လာသူများကား မြင့်မားသည့် ပစ်အားနှင့် ခေတ်မီသည့် သံချပ်ကာစနစ်ပါ Type 99၊ Type 100 တင့်ကားသစ်များ၊ တရုတ်နိုင်ငံ၏ ခေတ်မီလေကြောင်းနည်းပညာကို ကိုယ်စားပြုသည့် ဆန်းသစ်သည့်ဒီဇိုင်းနှင့် မြန်နှုန်းမြင့်တိုက်လေယာဉ်များ၊ မဟာဗျူဟာမြောက်အရေးပါမှုနှင့် တိကျမှုတို့ရှိသည့် ပဲ့ထိန်းဒုံးကျည်နှင့် ခရုဇ်ဒုံးကျည်၊ စောင့်ကြည့်ထောက်လှမ်းခြင်းနှင့် တန်ပြန်တိုက်ခိုက်ရေး ဒရုန်းများအပြင် မောင်းသူမဲ့ယာဉ်များ၊ ခေတ်သစ်အီလက်ထရောနစ်စစ်ဆင်ရေး နည်းပညာများ စသည်ဖြင့် များပြားလှသည့် ခေတ်မီလက်နက်များကြောင့် အထူးပင်ရင်သပ်ရှုမောကြရသည်။

ထို့ပြင် ထိုနေ့တွင် တရုတ်သည် ကြည်း၊ ရေ၊ လေကိုယ်စားပြု မဟာဗျူဟာမြောက်တပ်ဖွဲ့များကို နျူကလီးယားသုံးခုပေါင်းစည်းတပ်ဖွဲ့ (Nuclear Triad) အဖြစ် ပထမဆုံးအကြိမ် ထည့်သွင်းပြသခဲ့သည်။ ထိုပေါင်းစည်းအဖွဲ့တွင် ဝေဟင်မှပစ်ခတ်နိုင်သည့် တာဝေးပစ်ဒုံးကျည် JingLei-1 အမျိုးအစား၊ ရေငုပ်သင်္ဘောမှ ပစ်ခတ်နိုင်သော တိုက်ချင်းပစ်ဒုံးကျည် Ju Lang-3 အမျိုးအစားနှင့် မြေပြင် အခြေစိုက်တိုက်ချင်းပစ်ဒုံးကျည် Dong Feng-61 နှင့် Dong Feng -31 အမျိုးအစားတို့လည်း ပါဝင်သည်။

သမ္မတရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ နိုင်ငံခေါင်းဆောင်များဖြစ်ကြသည့် ရုရှားသမ္မတ ဗလာဒီမာပူတင်၊ မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျုံအမ်၊ အာမေးနီးယားဝန်ကြီးချုပ် နီးကိုးလ် ပါရှီယန်၊ အဇာဘိုင်ဂျန်သမ္မတ အီလ်ဟမ် အလီယက်ဗ်၊ ဘယ်လာရုစ်သမ္မတ အလက်ဇန်းဒါး လူကာရှန်ကို၊ ကမ္ဘောဒီးယားဘုရင် နရောတ္တမ သီဟမိုနီ၊ ကျူးဘားသမ္မတ မင်ဂူရယ် ဒီရေ့၊ အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တို့၊ အီရန်သမ္မတ မာဆက် ပီဇီရှ်ကီရန်၊ ကာဇက်စတန်သမ္မတ ကတ်ခ်ဆန် ကျိုးမာ့တ်တိုးကာရှ့ဗ်၊ ကာဂျစ်စတန်သမ္မတ ဆာဒေရာဂျာဗာရှော့ဗ်၊ လာအိုသမ္မတ သောင်လွန်းဆီဆိုလစ်၊ မလေးရှားဝန်ကြီးချုပ် အန်နဝါ အီဘရာဟင်၊ မော်လ်ဒိုက်သမ္မတ မိုဟာမက် မူအီဇူ၊ မွန်ဂိုလီးယားသမ္မတ ယုခါနာ ခါရယ်ဆာ့၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နီပေါဝန်ကြီးချုပ် ကေပီရှားမားအိုလီ၊ ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘတ် ရှာရစ်ဖ်၊ ကွန်ဂိုနိုင်ငံသမ္မတ ဒဲနစ် ဆာဆို အန်ဂဲဆို၊ ဆားဘီးယားသမ္မတ အလက်ဇန္ဒား ဗူးဆစ်ယူ၊ ဆလိုဗက်ကီးယားဝန်ကြီးချုပ် ရောဘတ် ဖီကို၊ တာဂျစ်ကစ္စတန်သမ္မတ အီမိုမာလီရက်ခ်မွန်၊ တာ့ခ်မင်နစ္စတန် သမ္မတ ဆာဒါ ဘာဒီမူခါမက်ဒေ့ါ၊ ဗီယက်နမ်သမ္မတ လုယောင်ကွေးယန်နှင့်ဇင်ဘာဘွေ သမ္မတ အမ်မာဆန် အမ်နန်ဂါဂါ စသည့်နိုင်ငံခေါင်းဆောင် ၂၆ ဦးတို့ အခမ်းအနားတက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံခေါင်းဆောင်များအပြင် တရုတ်နိုင်ငံဆိုင်ရာ နိုင်ငံခြားသံအမတ်ကြီးများ၊ စစ်သံမှူးများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ရုရှား၊ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ကနေဒါ စသည့်နိုင်ငံပေါင်း ၁၄ နိုင်ငံမှ မိတ်ဆွေများနှင့် ခုခံတော်လှန်စစ်တွင် ပါဝင်ခဲ့ကြသူများ၏ ကျန်ရစ်သူမိသားစု ၅၀ တို့သည်လည်း အခမ်းအနားသို့ ပါဝင်တက်ရောက်ခွင့်ရသည်။ ထို့ပြင် နိုင်ငံ့တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ နိုင်ငံတကာသတင်းထောက်များ၊ နိုင်ငံရေးနှင့် သမိုင်းကျွမ်းကျင်သူများ၊ ပြည်သူများ စသည်ဖြင့် အလွှာအသီးသီးမှ ပြည်သူများကိုလည်း အခမ်းအနားအတွင်း မြင်တွေ့ရသည်။

ဆင်ဟွာသတင်းဌာန၏ဖော်ပြမှုအရ စစ်ရေးပြအခမ်းအနားတွင် စစ်မှုထမ်းပေါင်း တစ်သောင်းကျော်၊ လေယာဉ်ပေါင်း ၁၀၀ ကျော်၊ မြေပြင်လက်နက်ရာပေါင်းများစွာကို စစ်ကာလကွပ်ကဲမှု စနစ်အတိုင်း ပုံစံအမျိုးမျိုးဖြင့်ပြသကြောင်း သိရှိရပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA)၏ ပြည်တွင်းထုတ် ခေတ်မီလက်နက်များကို ဖွင့်ဟပြခဲ့ခြင်းလည်းဖြစ်သည်။

### ၁၉၄၅ ခုနှစ်မှသည် ၂၀၂၅ ဆီသို့

အတိတ်ဆီသို့ ပြန်ပြောင်းသတိပြုကြမည် ဆိုလျှင် လွန်ခဲ့သည့်နှစ် ၈၀ ကျော်ကာလ ၁၉၃၇ ခုနှစ်မှအစပြု၍ ဖက်ဆစ်တို့က တရုတ်နိုင်ငံအား ရှစ်နှစ်တာ သိမ်းပိုက်အုပ်ချုပ်ခဲ့သည်။ တရုတ်သမိုင်းတွင် အဆုံးရှုံးဆုံးနှင့် အသက်သွေးချွေးပေါင်းများစွာ စတေးခဲ့ရသည့်ကာလများ ဖြစ်ခဲ့ရသည်။ ၁၉၃၁ ခုနှစ်တွင် ဂျပန်တပ်များက တရုတ်မြောက်ပိုင်းကို စတင်နေရာယူလာခဲ့ပြီး ၁၉၃၇ ခုနှစ် မာကိုပိုလိုတံတားဖြစ်စဉ်မှစ၍ ပေကျင်း၊ ရှန်ဟိုင်း၊ နန်ကျင်းစသည့်မြို့ကြီးများကို ဖက်ဆစ်တို့က နေရာယူသိမ်းပိုက်လိုက်သည်။ ယင်းနှစ် ဒီဇင်ဘာ ၁၃ ရက်သည် တရုတ်ပြည်သူများအဖို့ မမေ့နိုင်သည့် သမိုင်းအတိတ်ဆိုးကြီးဖြစ်သည့် နန်ကျင်းလူသတ်မှုကို ယနေ့တိုင် နာကျင်နေကြဆဲဖြစ်သည်။

ထိုနေ့တွင် တရုတ်မြို့တော်ဖြစ်ခဲ့သည့် နန်ကျင်းကို ဂျပန်တပ်တို့က ကျူးကျော်ခဲ့ပြီးနောက် သတ်ဖြတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ အဓမ္မပြုကျင့်မှု၊ မီးရှို့မှုနှင့် လုယက်မှုများကြုံခဲ့ရပြီး အရပ်သားနှင့် စစ်သားသုံးသိန်းခန့် သေဆုံးခဲ့ရကာ အမျိုးသမီးသောင်းနှင့်ချီ၍ အဓမ္မပြုကျင့်ခံခဲ့ရသည့် နာကျင်ဖွယ် အတိတ်ဆိုးမှာ တရုတ်ပြည်သူများအဖို့ ဝမ်းနည်းဖွယ်အချိန်အခါပင်ဖြစ်ခဲ့သည်။ သို့သော် မှန်ကန်သော ခေါင်းဆောင်မှု၊ တပ်မတော်၊ ပြည်သူနှင့် ကျောင်းသားများအားလုံးစုပေါင်းအနစ်နာခံ ဆက်လက်တိုက်ခိုက်ခဲ့ကြသည့်စွမ်းအားနှင့်

စာမျက်နှာ ၁၁ သို့ ☆

**“တရုတ်နိုင်ငံကား မှန်ကန်သည့် ဦးဆောင်မှု၊ တည့်မတ်သည့် ရည်မှန်းချက်များကို ကိုင်ဆောင်ကာ ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်ခဲ့မှုကို ယနေ့သက်သေပြလိုက်ခြင်းပင်ဖြစ်သည်။ တံခါးဖွင့်ဝါဒ ကျင့်သုံးလာချိန်မှ စတင်ကာ တရုတ်နိုင်ငံသည် ငြိမ်းချမ်းသော လူမှုဘဝဝန်းကျင်ကို တည်ဆောက်နိုင်ခဲ့ပြီး လက်နက်အင်အား၊ ဓနအင်အား၊ ပညာရှင်အင်အား စသည်ဖြင့် တစ်ဟုန်ထိုး မြင့်တက်လာခဲ့သည်။ ယင်းအခြေခံကား နိုင်ငံတစ်ဝန်း ငြိမ်းချမ်းခြင်း၏အသီးအပွင့် ဖွံ့ဖြိုးတိုးတက်မှုပင်ဖြစ်”**

☆ စာမျက်နှာ ၁၀ မှ

မဟာမိတ်နိုင်ငံများ၏ ပူးပေါင်းမှုများကြောင့် ဖက်ဆစ်တို့ကို အမြစ်ဖြုတ်နိုင်ခဲ့သည့်အပြင် ဒုတိယကမ္ဘာစစ် ကမ္ဘာ့အရှေ့ခြမ်း ဖက်ဆစ်ရန်ကို တွန်းလှန်နိုင်ခဲ့ခြင်း၏ အမှတ်သင်္ကေတအဖြစ် ၁၉၄၅ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့ကို ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်းနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

**ငြိမ်းချမ်းခြင်းသည် ဖွံ့ဖြိုးမှု၏အစ**

ကမ္ဘာတစ်ဝန်းရှိ စစ်မြေပြင်တို့တွင် သုံးမိနစ်လျှင် လူတစ်ဦးခန့်သေဆုံးနေရသည်ဟု ကုလသမဂ္ဂ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ စစ်ပွဲများကြောင့် စတေးခဲ့ရသည့် လူ့အသက်များစွာတို့မှာ ငြိမ်းချမ်းရေးအတွက် အလေးနက်ဆုံးသက်သေများပင်ဖြစ်သည်။ မငြိမ်းချမ်းသည့်အခါ ရှင်သန်ရပ်တည်ရန် မျှော်လင့်ချက်မဲ့ရပြီး လူသားတို့၏ အနာဂတ်၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် အောင်မြင်မှု၊ လူသားဆန်မှုတို့ အားလုံး ဆိတ်သုဉ်းခဲ့ရသည်။ ယခုအခါ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့သည်မှာ နှစ်ပေါင်း ၈၀ ပင် ရှိလာခဲ့ပြီ။ သို့သော် ကမ္ဘာကြီးပေါ်၌ စစ်ပွဲတို့ မချုပ်ငြိမ်းနိုင်သေးသည်ကို မြင်တွေ့ရသည်။

သို့သော် တရုတ်နိုင်ငံကား မှန်ကန်သည့် ဦးဆောင်မှု၊ တည့်မတ်သည့် ရည်မှန်းချက်များကို ကိုင်ဆောင်ကာ ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ခဲ့မှုကို ယနေ့သက်သေပြလိုက်ခြင်းပင်ဖြစ်ကြောင်း သတင်းဓိဒိယာများက ရေးသားကြသည်။ တံခါးဖွင့်ဝါဒ ကျင့်သုံးလာချိန်မှစတင်ကာ တရုတ်နိုင်ငံသည် ငြိမ်းချမ်းသော လူမှုဘဝဝန်းကျင်ကို တည်ဆောက်နိုင်ခဲ့ပြီး လက်နက်အင်အား၊ ဓနအင်အား၊ ပညာရှင်အင်အားစသည်ဖြင့် တစ်ဟုန်ထိုးမြင့်တက်လာခဲ့သည်။ ယင်းအခြေခံကား နိုင်ငံတစ်ဝန်း ငြိမ်းချမ်းခြင်း၏ အသီးအပွင့် ဖွံ့ဖြိုးတိုးတက်မှုပင်ဖြစ်သည်။

၁၉၇၈ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ပြည်တွင်းထုတ်လုပ်မှုစုစုပေါင်းတန်ဖိုး ဂျီဒီပီသည် ၃၆၇ ဒသမ ၉ ဘီလီယံသာရှိခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ယွမ် ၁၃၅ ဒသမ ၉ ထရီလီယံအထိ မြင့်တက်လာခဲ့သည်။ လူတစ်ဦးချင်းစီ၏ ပျမ်းမျှဂျီဒီပီသည် ယွမ် ၉၅၀၀၀ ကျော်ရှိလာခဲ့သည်။ ယင်းအောင်မြင်မှုသည် တရုတ်ပြည်သူများအတွက် အကျိုးပြုခဲ့စေရုံသာမက ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း များစွာအထောက်အကူဖြစ်စေခဲ့သည်။

ထို့ပြင် တရုတ်နိုင်ငံသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်၌ ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်စေခြင်းဟူသည့် သဘောတရားကို အခြေခံ၍ လက်တွေ့ကျင့်သုံးခဲ့သည်ကို မြင်တွေ့ရသည်။

တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကို စက်တင်ဘာ ၃ ရက်က ပေကျင်းမြို့ တီယန်မင်ရင်ပြင်၌ ကျင်းပရာ ဂုဏ်ပြုတပ်ဖွဲ့ ချီတက်နေရာယူစဉ်။

တရုတ်နိုင်ငံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ကုလသမဂ္ဂငြိမ်းချမ်းရေး တပ်ဖွဲ့ဝင်စေလွှတ်မှု အများဆုံးနိုင်ငံတစ်နိုင်ငံလည်းဖြစ်သည့်အပြင် ဆွေးနွေးညှိနှိုင်းခြင်းကို အားပေးခြင်း၊ အပစ်အခတ်ရပ်စဲရေးနှင့် စစ်ပွဲများ ရပ်စဲရေးတို့တွင် တရုတ်နိုင်ငံက ကြားဝင်တိုက်တွန်းခဲ့ခြင်းများလည်း ရှိခဲ့သည်။

ဆယ်စုနှစ်အတွင်း တရုတ်နိုင်ငံသည် နိုင်ငံပေါင်း ၁၅၀ ကျော်၊ နိုင်ငံတကာအဖွဲ့အစည်းပေါင်း ၃၀ ကျော်နှင့် စီမံကိန်း ၃၀၀၀ ကျော် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး အလုပ်အကိုင် လေးသိန်းကျော် ဖန်တီးပေးခြင်း စသည်တို့မှာ ဖွံ့ဖြိုးတိုးတက်မှုမျှဝေခြင်းဖြစ်ပြီး လူတိုင်းငြိမ်းချမ်းရေး အကျိုးခံစားနိုင်ရေးအတွက် တရုတ်နိုင်ငံ၏ မျက်မှောက်ခေတ် အဓိပ္ပာယ်ဖွင့်ဆိုချက်ပင်ဖြစ်သည်။ ထို့ပြင် ကမ္ဘာ့ဒုတိယအကြီးဆုံး သွင်းကုန်ပွဲစားကွက်အဖြစ် ၁၄ နှစ်ဆက်တိုက်ရပ်တည်ခြင်း၊ ကမ္ဘာကြီး၏ အာဏာဝင်ရိုး ဧကကမ္ဘာမှသည် ဗဟုကမ္ဘာဆီသို့ လွတ်လပ်စွာ ဦးတည်ခြင်းကိုလည်း ပံ့ပိုးကူညီပေးလျက်ရှိသည်ကို BRICS နှင့် SCO အဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ အောင်မြင်ခြင်းတို့ဖြင့် မြင်တွေ့ရနိုင်သည်။

**အိမ်နီးချင်းဆွေမျိုးပေါက်ဖော်ဆက်ဆံရေး**

မြန်မာနှင့် တရုတ်တို့၏ အေးအတူပူအမျှ အိမ်နီးချင်းကောင်းဆက်ဆံရေးမှာ နှစ်ပေါင်း ထောင်ချီရှိခဲ့ပြီဖြစ်ပါသည်။ ထို့အတူ သံတမန်ဆက်ဆံခြင်းပင် စိန်ရတုတိုင်ခဲ့ပြီဖြစ်သည်။ စက်တင်ဘာ ၃ ရက်တွင် တရုတ်နိုင်ငံ၌ ကျင်းပသည့် ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်းနေ့ အထိမ်းအမှတ် နှစ် (၈၀) ပြည့် အခမ်းအနားကြီးသို့ မိမိတို့နိုင်ငံယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ခဲ့သည်။

အဆိုပါခရီးစဉ်အတွင်း တရုတ်နိုင်ငံသမ္မတနှင့် တွေ့ဆုံရာ၌ ရွှေကောက်ပွဲအတွက် အကူအညီများပေးအပ်ရန်အပါအဝင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ဆက်လက်ကူညီရပ်တည်မည်ဖြစ်ကြောင်းနှင့် အသိအမှတ်ပြုမှုရရှိခဲ့ကြောင်း သိရှိရပြီး ခရီးစဉ်အတွင်း အိန္ဒိယနိုင်ငံသမ္မတ၊ ရုရှားနိုင်ငံသမ္မတ၊ လာအိုနိုင်ငံသမ္မတနှင့် မလေးရှားဝန်ကြီးချုပ်တို့ အပါအဝင် အခြားနိုင်ငံခြေခင်းဆောင်များနှင့် ရွှေကောက်ပွဲဆိုင်ရာအပါအဝင် အခြားသောဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများအတွက် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့ခြင်းကြောင့် များစွာအကျိုးဖြစ်ထွန်းစေခဲ့သည့် ခရီးစဉ်ပင်ဖြစ်သည်။

ထို့ပြင် ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်းနေ့ အထိမ်းအမှတ် နှစ် (၈၀) ပြည့်အခမ်းအနားကြီးသည် မြန်မာနိုင်ငံအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးနှင့် နိုင်ငံတကာဆက်ဆံရေးအပေါ် ကောင်းမွန်သည့် အကျိုးသက်ရောက်မှုကို ပေးစွမ်းသည့်အပြင် တရုတ်နိုင်ငံနှင့် နီးကပ်ရင်းနှီးသည့် ဆက်ဆံရေးအတွက် နိုင်ငံတကာ၏အာရုံစူးစိုက်မှုကို ရရှိစေခဲ့သည်ဟု သုံးသပ်ရှုမြင်နိုင်ပြီး နိုင်ငံအတွက် ဂုဏ်ယူဖွယ်ရာပင်ဖြစ်သည်။

**ငြိမ်းချမ်းရေးဌာဏ်ငယ်များ လွတ်လပ်စွာပျံသန်း**

တရုတ်နိုင်ငံ၌ စက်တင်ဘာ ၃ ရက်တွင် ကျင်းပသည့် ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်းနေ့ အထိမ်းအမှတ် နှစ် (၈၀) ပြည့်အခမ်းအနားသည် စုစုပေါင်း မိနစ် ၇၀ ခန့်သာကြာမြင့်သည်။ များပြားလှသည့် ပြည်သူ့စစ်တပ်အင်အား၊ လက်နက်ကိရိယာများ ပြသခြင်းမရှိဘဲ ငြိမ်းချမ်းရေးကို ဦးတည်သော အခမ်းအနားကြီးတစ်ခုသာ ဖြစ်သည်။ ဤသည်မှာ တရုတ်ပြည်သူများ၏ ငြိမ်းချမ်းရေးကို ဦးတည်သော ဆန္ဒကို ပြသခြင်းပင် ဖြစ်သည်။

ဤအခမ်းအနားတွင် ဖျံတွဲသော ငြိမ်းချမ်းရေးဌာဏ်ငယ်များ လွတ်လပ်စွာ ပျံသန်းခဲ့ကြသည်။ ဌာဏ်ငယ်များသည် ငြိမ်းချမ်းရေးကို ဦးတည်သော ဆန္ဒကို ပြသခြင်းပင် ဖြစ်သည်။ ဌာဏ်ငယ်များ ပျံသန်းခဲ့ကြသည်မှာ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ခဲ့သော တရုတ်နိုင်ငံ၏ ကြိုးပမ်းမှုများကြောင့် ဖြစ်သည်။ ဤသည်မှာ တရုတ်ပြည်သူများ၏ ငြိမ်းချမ်းရေးကို ဦးတည်သော ဆန္ဒကို ပြသခြင်းပင် ဖြစ်သည်။

ဤအခမ်းအနားတွင် တူညီဝတ်စုံဝတ်ဆင်ထားသည့် အမျိုးသား အမျိုးသမီးငယ်များက လူပရိသတ်သောင်းချီကို နေရာချထားပေးသည်။ ချိုသာသော မျက်နှာထား၊ ငယ်ရွယ်နုပျိုသည့် အလှတရားနှင့် ယဉ်ကျေးသော အမူအရာများကြောင့် နိုင်ငံတကာသတင်းထောက်များ သတင်းယူမဆုံး။ အများစုက ကျောင်းသား ကျောင်းသူများဖြစ်ကြပြီး နိုင်ငံတော်ပွဲကြီးတွင် တစ်တပ်တစ်အား ပါဝင်အားဖြည့်နေကြသည်။ အခမ်းအနားအပြီးတွင် ခိုဖြူအကောင်ရေ ရှစ်သောင်းကို ငြိမ်းချမ်းခြင်းအထိမ်းအမှတ်အဖြစ် တစ်ပြိုင်နက်လွှတ်လိုက်ရာ တီယန်မင်ရင်ပြင်အထက် ကောင်းကင်ပေါ်သို့ တစ်ရှိန်ထိုးပျံသန်းကြသည်။ ထို့အတူ ရှစ်သောင်းသော မိုးပျံပူဖောင်းများမှာလည်း ကောင်းကင်သို့ တဖြည်းဖြည်း မြင့်တက်သွားရာ တီယန်မင်ရင်ပြင်အထက် ကောင်းကင်နှင့်အပြည့် တည်ရှိနေတော့သည်။

ပြီးဆုံးခဲ့သော အရာတို့သည် မည်သို့သော အခြေအနေ၊ အချိန်အခါရောက်သည်ဖြစ်စေ ပြန်လည်၍ မရနိုင်တော့ပြီ။ ကောင်းမွန်သော ရွှေရောင်အတိတ်တို့သည် ပြန်လည်ဖမ်းဆုပ်၍ မရနိုင်သကဲ့သို့ ဆိုးရွားသောအတိတ်သမိုင်းတို့သည် အနာဂတ်သို့ လိုက်မလာနိုင်ပေ။ မကြုံစဖူးပြောင်းလဲနေသည့် မျက်မှောက်ခေတ်တွင် သမိုင်းသည် အတုယူစရာ၊ သင်ခန်းစာယူစရာများနှင့် ပြည့်နှက်၍နေသည်။ တိုးတက်ဖွံ့ဖြိုးသထက် ဖွံ့ဖြိုးလာနေသည့် တရုတ်နိုင်ငံသည် အတိတ်ကိုသင်ခန်းစာယူကာ အင်အားကို အပြည့်တည်ဆောက်သည့်အပြင် ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်ရေးအမြင်ကို ကိုယ်တိုင်လက်တွေ့ကျင့်သုံးနိုင်ခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာအရပ်ရပ်က နိုင်ငံများနှင့်အတူ ငြိမ်းချမ်းသည့်ကမ္ဘာလောကကြီးကို ထာဝရအလှဆင် ဖန်တီးတည်ဆောက်နိုင်ပါစေဟုသာ။ ။

> **ဆယ်စုနှစ်အတွင်း တရုတ်နိုင်ငံသည် နိုင်ငံပေါင်း ၁၅၀ ကျော်၊ နိုင်ငံတကာအဖွဲ့အစည်းပေါင်း ၃၀ ကျော်နှင့် စီမံကိန်း ၃၀၀၀ ကျော် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး အလုပ်အကိုင် လေးသိန်းကျော် ဖန်တီးပေးခြင်း စသည်တို့မှာ ဖွံ့ဖြိုးတိုးတက်မှုမျှဝေခြင်းဖြစ်ပြီး လူတိုင်းငြိမ်းချမ်းရေး အကျိုးခံစားနိုင်ရေးအတွက် တရုတ်နိုင်ငံ၏ မျက်မှောက်ခေတ် အဓိပ္ပာယ်ဖွင့်ဆိုချက်ပင်ဖြစ်သည်။ ထို့ပြင် ကမ္ဘာ့ဒုတိယအကြီးဆုံး သွင်းကုန်ပွဲစားကွက်အဖြစ် ၁၄ နှစ်ဆက်တိုက်ရပ်တည်ခြင်း၊ ကမ္ဘာကြီး၏ အာဏာဝင်ရိုး ဧကကမ္ဘာမှသည် ဗဟုကမ္ဘာဆီသို့ လွတ်လပ်စွာ ဦးတည်ခြင်းကိုလည်း ပံ့ပိုးကူညီပေးလျက်ရှိသည်ကို BRICS နှင့် SCO အဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ အောင်မြင်ခြင်းတို့ဖြင့် မြင်တွေ့ရနိုင်**

# ဧရာဝတီတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနား တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**ပုသိမ် စက်တင်ဘာ ၈**

၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ ယနေ့နံနက် ပိုင်းက ကျင်းပသည်။

**ဂုဏ်ပြုသီဆိုဖွင့်လှစ်**

ဦးစွာ အခမ်းအနားကို ပုသိမ်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက “စာတတ်မြောက်ရေး ဝိုင်းကူပေး” သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖွင့်လှစ်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့သော အခြေခံစာတတ်မြောက်ရေး လုပ်ငန်းစဉ်တစ်ရပ်ကို ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ၂၆ မြို့နယ်လုံးတွင် စာသင်ဝိုင်း ၁၇၇၁ ဝိုင်း ဖွင့်လှစ်၍ နည်းပြ ၁၇၇၁ ဦးနှင့် ကြီးကြပ်ရေးမှူး ၂၁၇ ဦးတို့ဖြင့် ဆောင်ရွက်ခဲ့ရာ စာသင်သား ပြည်သူပေါင်း ၂၅၀၁၆ ဦးတို့အား အခြေခံစာတတ်မြောက်စေခဲ့ကြောင်း၊ ယနေ့ခေတ်သည် ဒစ်ဂျစ်တယ် နည်းပညာခေတ်ဖြစ်သည်နှင့်အညီ လူသားတိုင်း အင်တာနက် အသုံးပြုနိုင်သောခေတ်ဖြစ်သဖြင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ သင်ကြားသင်ယူမှု အခွင့်အလမ်းများ တိုးတက်စေရေးအတွက် ICT နည်းပညာများ၊ မီဒီယာနည်းပညာများကို အခြေခံပြီး တီထွင်ကြံဆ၍ နည်းလမ်းသစ်များ ရှာဖွေဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် အဆင့်အတန်းမြင့်မားမှုသည် နိုင်ငံသားတိုင်း စာတတ်မြောက်မှုအပေါ် မူတည်ကြောင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏

ဦးတည်ချက်(၄) ချက်မှ တတိယမြောက်အချက်ဖြစ်သော “နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေး အတွက် အမျိုးသား ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး” နှင့် “နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့” ဟူ၍ စာမတတ်သူမရှိစေရအောင် မိဘပြည်သူများ ဝိုင်းဝန်းလုံဆော်ပေးကြရန်လိုကြောင်း တိုက်တွန်းအမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် စာတတ်မြောက်ရေး လုပ်ငန်းဆောင်ရွက်မှု ဗီဒီယိုပြသမှုကို ကြည့်ရှုအားပေးပြီး ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ကလည်းကောင်း၊ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဧနီးက လည်းကောင်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို တိုင်းဒေသကြီး တရားသူကြီးချုပ်က လည်းကောင်း၊ အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ၂၀၂၅ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေး လှုပ်ရှားဆောင်ရွက်မှု ပြခန်းများအား လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး မိုးညှို မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးဝင်း၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကိုကိုကြီးနှင့် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး သက်လွင်ဦးတို့၏ ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင် ၃၀ တို့က မြို့ဦးအောင်ဆုပန်စေတီတော်မြတ်ကြီးဝင်း အတွင်း/ အပြင်၊ စေတီတော်မြတ်ကြီး၏ ရင်ပြင်ပေါ်နှင့် ဓမ္မာရုံများအား စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ကိုမင်း(ပြန်/ဆက်)

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တံတားဦးခရိုင် ဒုတိယရဲမှူးကြီး ခင်မောင်ဇော်ဦးဆောင်မှုဖြင့် စက်တင်ဘာ ၆ ရက်က တံတားဦးမြို့ အမှတ်(၃)ရပ်ကွက် သမိုင်းဝင်ရွှေသာလျောင်းမြတ်စွာဘုရားတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ ရဲတင့်(ပြန်/ဆက်)

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၇ ရက်က ကံမော်နယ်မြေရဲစခန်းမှူး ရဲအုပ် ခင်မောင်ဦး ဦးဆောင်၍ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကျွန်းစုမြို့ ကဉ္စနရာမဘုန်းကြီးကျောင်း အတွင်း၊ အပြင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ထက်မြင့်(ကျွန်းစု)

---

# ဒလမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

**ဒလ စက်တင်ဘာ ၈**

ဒလမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ၂၀၂၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအပါအဝင် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက ဒလမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးခင်မောင်စိုးက အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခင်စန္ဒာမြင့်(ပြန်/ဆက်)**

---

# ရေကြည်မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဟောပြောခြင်းနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြသ

**ရေကြည် စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် အသုတ်မြို့ အထက်တန်းကျောင်း၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ဟောပြောပွဲတွင် ရေကြည်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူးဦးကောင်းထက်နိုင်က မီးဘေးအန္တရာယ် ပေါ်ပေါက်လာပါက အရေးပေါ်အသုံးပြုနိုင်ရန် မီးသတ်ဆေးဘူးအသုံးပြုပုံ၊ မီးကပ်မီးချိတ်၊ ရေပုံးများ၊ သဲအိတ်များထားရှိရေးနှင့် မီးဘေးအန္တရာယ် ကာကွယ်နိုင်ရေး ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အမြန်ဆုံး မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးအသုံးပြု၍ ငြိမ်းသတ်နည်းများကို မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြသခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

# ကော့သောင်းမြို့နယ်၌ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**ကော့သောင်း စက်တင်ဘာ ၈**

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့နယ် ချမ်းဖန်း-ဟတ်စဒင်း-အော်ကြီး ကျေးရွာချင်းဆက်လမ်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေကျပ် ၄၀၄ သိန်း ၁၉၆ သန်းဖြင့် ချမ်းဖန်း-ဟတ်စဒင်း-အော်ကြီးလမ်း (၁/၁ ဒသမ ၆၂)မိုင် ရှိသည့်အနက် လမ်းမိုင်(၀/၅-၁/၁ ဒသမ ၆၂) အထိ မူလကျောက်လမ်း(၀/၄ ဒသမ ၆၂)မိုင်အား နှစ်လက်မ-လေးလက်မခွဲကျောက်ဖြင့် Regulation ၂၀ ရာခိုင်နှုန်း- ၄၀ ရာခိုင်နှုန်း ပြုလုပ်ပြီး ခုနစ်လက်မ-၁၂ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို သြဂုတ်လမှ စတင် ဆောင်ရွက်ခဲ့ကြပြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို စက်တင်ဘာ ၆ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ရူပါမြင့်(ပြန်/ဆက်)**

■

---

## အပူပိုင်းမုန်တိုင်း“တားဖ” တဖြည်းဖြည်း အားလျော့သွားနိုင်

**နေပြည်တော် စက်တင်ဘာ ၈**

ယနေ့ည‌နေ ၅ နာရီခွဲ တိုင်းထွာချက်များအရ တရုတ်နိုင်ငံ ဂွမ်ဒေါင်ပြည်နယ်တွင် ဖြစ်ပေါ်နေသော အားကောင်းသောအပူပိုင်းမုန်တိုင်း“တားဖ”(TAPAH)သည် အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး တရုတ် နိုင်ငံ ကွမ်ရှီးပြည်နယ်အရှေ့ပိုင်းသို့ ရောက်ရှိခဲ့ကာ အပူပိုင်းမုန်တိုင်း “တားဖ”အဖြစ်သို့ အားလျော့သွားခဲ့ပြီးဖြစ်သည်။ အဆိုပါ အပူပိုင်းမုန်တိုင်း “တားဖ”သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး တဖြည်းဖြည်းအားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/၈လ**

# အစ္စရေးနိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွား

**ကျေရွာဆလင် စက်တင်ဘာ ၈**

အစ္စရေးနိုင်ငံ ကျေရွာဆလင်မြို့ ရာမော့လမ်းဆုံရှိ ဘတ်စ်ကားပေါ်တွင် သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် အနည်းဆုံး ငါးဦး သေဆုံးကြောင်း အစ္စရေးတာဝန်ရှိသူများက စက်တင်ဘာ ၈ ရက် တွင်ပြောကြားသည်။

**ပြန်လည်ခုခံ**

ယင်းတိုက်ခိုက်မှု အတွင်း လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် အရပ်သားတစ်ဦးက ပြန်လည်ခုခံ ပစ်ခတ်ခဲ့ရာ သေနတ်သမားများ သေဆုံးခဲ့သည်။

အမျိုးသားလေးဦးနှင့် အမျိုး သမီးတစ်ဦး သေဆုံးကြောင်းနှင့် ခုနစ်ဦး ဒဏ်ရာရကြောင်း၊ သေနတ် သမားများသည် ဘတ်စ်ကားပေါ် သို့ တက်လာပြီးနောက် ပစ်ခတ်ခဲ့ ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ပြောကြား**

နံနက်ပိုင်း လူသွားလူလာများ ပြားသည့် ဘတ်စ်ကားဂိတ်တွင် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကာ တိုက်ခိုက်သူများသည် အနောက် ဘက်ကမ်းမှ ပါလက်စတိုင်း ဒေသခံများဖြစ်ကြောင်း အစ္စရေး နိုင်ငံပိုင် ကန်ရပ်မြင်သံကြားဌာန က ပြောကြားသည်။ လက်ရှိအချိန် တွင် အစ္စရေးတပ်ဖွဲ့ဝင်များက ရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ စစ်ဆေး ရေးလုပ်ငန်းများကို ဆောင်ရွက် လျက်ရှိသည်။ ယခုတိုက်ခိုက်မှု သည် ဂါဇာဒေသကို အစ္စရေးက တိုက်ခိုက်ခဲ့ပြီးနောက် ဖြစ်ပေါ် လာခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

# အာဆီယံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံအဖြစ် တရုတ်နိုင်ငံရပ်တည်

**ပေကျင်း စက်တင်ဘာ ၈**

တရုတ်နိုင်ငံသည် အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် ကုန်သွယ်မှု သက်တမ်း ၁၀ နှစ်ကြာရှိခဲ့ကာ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံ အဖြစ် ရပ်တည်နေကြောင်း တရုတ် နိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၈ ရက်တွင်ပြောကြားသည်။

တရုတ်နိုင်ငံနှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား ယခုနှစ် ပထမခုနစ်လအတွင်း ကုန်သွယ်မှု တန်ဖိုး အမေရိကန်ဒေါ်လာ ၅၉၇ ဘီလီယံရှိခဲ့ကာ ၈ ဒသမ ၂ ရာခိုင် နှုန်း တိုးတက်လာခဲ့ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ရန်ဒေါင်က ပြောကြား သည်။

တရုတ်နိုင်ငံမှ လုပ်ငန်းရှင်များက အာဆီယံနိုင်ငံများရှိ အခြေခံ အဆောက်အအုံ စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံရန် စိတ်အား ထက်သန်လာကြပြီး ယခုနှစ် ဇူလိုင်လကုန်တွင် ယင်းစီမံကိန်း များမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ဘီလီယံ ၄၈၀ အထိရရှိခဲ့သည်။

(၂၂)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကို ယခုနှစ် စက်တင်ဘာ ၁၇ ရက်မှ ၂၁ ရက် အထိ တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရီးကျန်း ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ မြို့တော် နန်နင်းတွင် ကျင်းပမည်ဖြစ်ပြီး နိုင်ငံပေါင်း ၄၅ နိုင်ငံမှ လုပ်ငန်း ပေါင်း ၃၂၀၀ ခန့် ပါဝင်ပြသမည် ဖြစ်သည်။

ယခုနှစ် ကုန်စည်ပြပွဲတွင် ဥာဏ်ရည်တု နည်းပညာ ဆိုင်ရာထုတ်ကုန်နှင့် အခြား ကုန်ပစ္စည်းများကို ပြသမည့် ပြခန်းများ ပါဝင်မည်ဖြစ်သည်။ တရုတ်နိုင်ငံသည် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင် သည့်အနေဖြင့် အာဆီယံနိုင်ငံ များမှ တင်သွင်းမည့် အပူပိုင်း ဒေသသီးနှံများ၊ ကော်ဖီ၊ ရော်ဘာ နှင့် စားအုန်းဆီများကို အများ အပြား တင်သွင်းခွင့်ပြုမည် ဖြစ်ကာ အာဆီယံနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေး ခိုင်မာစေ ရေးအတွက် ဆောင်ရွက်မည်ဖြစ် ကြောင်း ရန်ဒေါင်က မှတ်ချက်ပြု ပြောကြားသည်။

အာဆီယံ နိုင်ငံများရှိ ဒစ်ဂျစ်တယ်နှင့် စိမ်းလန်းသော စီးပွားရေးကဏ္ဍအပါအဝင် အခြား သော ထွန်းသစ်စကဏ္ဍများတွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေးနှင့် စက်မှုနှင့် ထောက်ပံ့ ရေးကွင်းဆက် စီးဆင်းမှု ထိန်းသိမ်း ရေးအတွက်လည်း ကြိုးပမ်းသွား မည်ဖြစ်ကြောင်း ၎င်းက ပြောကြား သည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

# ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင် ပူးပေါင်းဆောင်ရွက်မည်

**ဖနောင်ပင် စက်တင်ဘာ ၈**

ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင်တို့အကြား လေကြောင်းသွားလာရေး၊ အဆင့်မြင့်ပညာရေးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းကိုင်တွယ်ရေးကိစ္စ ရပ်များနှင့်ပတ်သက်၍ သဘောတူညီချက်များကို စက်တင်ဘာ ၈ ရက် က လက်မှတ်ရေးထိုးခဲ့သည်။

**ကူညီဆောင်ရွက်**

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်နှင့် ကမ္ဘောဒီးယားသို့ အလည်အပတ်ရောက်ရှိနေသည့် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်တို့ ဖနောင်ပင်ရှိ ဥိမ်းချမ်းရေးနန်းတော်တွင် ဆွေးနွေးမှုပြုလုပ်ခဲ့ပြီးနောက် ယင်းသဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ နှစ်ဖက်အကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံသားများ အချင်းချင်း ဆက်ဆံမှုမြှင့်တင်ရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက် ရေးအတွက် သဘောတူခဲ့ကြကြောင်း ဝန်ကြီးချုပ်ဟွန်မာနတ်က ပြောကြားသည်။ ထို့ပြင် ဖိလစ်ပိုင်နိုင်ငံ၏ စားရေရိက္ခာဖူလုံရေးအတွက် ကမ္ဘောဒီးယားက ကူညီဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။ ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်သည် သုံးရက်ကြာ အလည်အပတ်ခရီးအဖြစ် ဖနောင်ပင်သို့ရောက်ရှိနေကြောင်း သိရ သည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

# တရုတ်နိုင်ငံတောင်ပိုင်း၌ တိုင်ဖွန်းမုန်တိုင်း တားဖကြောင့် မြေပြိုမှုဖြစ်ပွား

**ပေကျင်း စက်တင်ဘာ ၈**

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ်၌ စက်တင်ဘာ ၈ ရက်တွင် တိုင်ဖွန်းမုန်တိုင်း တားဖ ဝင်ရောက်တိုက်ခတ်သဖြင့် မြေပြိုမှု ဖြစ်ပွားပြီး ပြည်နယ်အတွင်းရှိ ကျောင်းများကို ပိတ်ထားရကာ ဒေသခံ များအား ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးခဲ့ရသည်။

ယင်းတိုင်ဖွန်းမုန်တိုင်းသည် တိုင်ရှန်မြို့ကမ်းခြေသို့ လေတိုက်နှုန်း တစ်စက္ကန့်လျှင် မီတာ ၃၀ နှုန်းဖြင့် နံနက် ၈ နာရီ မိနစ် ၅၀ တွင် တိုက်ခတ်ခဲ့ကြောင်း မိုးလေဝသဌာနက ပြောကြားသည်။

အဆိုပါမုန်တိုင်းတိုက်ခတ်မှုကြောင့် တိုင်ရှန်မြို့ရှိ ကျောင်း ၁၈၂ ကျောင်းကို ပိတ်ထားရပြီး ဂျိုင်မန်မြို့ရှိ ဒေသခံ ၄၁၀၀၀ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရသည်။ ဂျိုင်မန်မြို့ ကမ်းရိုးတန်းတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် ကယ်ဆယ်ရေးအဖွဲ့များနှင့် ရေယာဉ်များကို ဂျိုင်မန်ရေကြောင်းဗဟိုရိုက တာဝန်ပေးထားသည်။ တိုင်ရှန်မြို့တွင်လည်း ကယ်ဆယ်ရေးဝန်ထမ်း ၃၃၀၀ ကို တာဝန် ပေးထားကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# ဓားစာခံများလွတ်မြောက်ရေးနှင့် ဂါဇာဒေသ လက်နက်ကိုင်ပဋိပက္ခပြီးစီးရေးအတွက် ဆွေးနွေးရန် အသင့်ရှိကြောင်း ဟားမတ်စ်ပြောကြား

**ကျေရွာဆလင် စက်တင်ဘာ ၈**

ဓားစာခံများ လွတ်မြောက်ရေးနှင့် ဂါဇာဒေသ လက်နက်ကိုင် ပဋိပက္ခပြီးစီးရေးအတွက် အစ္စရေး နှင့် ဆွေးနွေးရန်အသင့်ရှိကြောင်း ဟားမတ်စ်အဖွဲ့က စက်တင်ဘာ ၇ ရက်တွင်ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့များ ဂါဇာဒေသ မှ ဆုတ်ခွာရေးနှင့် ဂါဇာဒေသအား ပါလက်စတိုင်း ကော်မတီက အုပ်ချုပ်ရေး စသည့်အချက်များကို လည်း လိုလားကြောင်း ၎င်းအဖွဲ့က ပြောကြားသည်။

အမေရိကန်၏ အပစ်အခတ် ရပ်စဲရေးအတွက် စေ့စပ်ညှိနှိုင်း ရေးဆိုင်ရာ အဆိုပြုချက်များ ပါဝင်သည့် အကြံပြုချက်များကို ရရှိထားပြီး တိုက်ခိုက်မှုရပ်စဲရေး ဆောင်ရွက်ချက်များကို ကြိုဆို ကြောင်း ဟားမတ်စ်အဖွဲ့က ပြောကြားသည်။

အပစ်အခတ် ရပ်စဲရေးအတွက် အစ္စရေးက ကြိုးပမ်းဆောင်ရွက် မည်ဟုယုံကြည်ကြောင်း ၎င်းအဖွဲ့ ကပြောကြားသည်။ အစ္စရေးသည် အပစ်အခတ် ရပ်စဲရေးအတွက် မိမိ၏ စည်းမျဉ်းများကို သဘောတူ ကြောင်းနှင့် ဟားမတ်စ်ကလည်း တူညီသည့် သဘောထား ရှိမည်ဟု ယုံကြည်ကြောင်း အမေရိကန် သမ္မတ ထရမ့်က ပြောကြားသည်။

ယင်းအပစ်အခတ် ရပ်စဲရေး သဘောတူညီချက်အရ အစ္စရေးက ဂါဇာမြို့အား သိမ်းမည့်အစီအစဉ် ကို ရုပ်သိမ်းမည်ဖြစ်ကာ ဓားစာခံ များ အပြန်အလှန် လွှတ်ပေးရမည် ဖြစ်ပြီး လက်နက်ကိုင် ပဋိပက္ခ ပြီးစီးရေးကို သမ္မတထရမ့်၏ ရှေ့ဆောင်မှုဖြင့် ဆွေးနွေးမည် ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

# တရားမဝင် ကျောက်စိမ်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်ရေယာဉ်နှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၈**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင် ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၈ ရက်နှင့် ၃၀ ရက်တို့တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ်နှစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၄၅ စီး စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၁၅၃၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စက်တင်ဘာ ၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်း- မင်းကွန်း ကားလမ်းမအနီး၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ကျောက်စိမ်းအရိုင်းတုံးများနှင့် ကျောက်စိမ်းဖြတ်စများ ၂၄၂ ဒသမ ၃၆ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၃၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အကောက်ခွန်ဦးစီးဌာနမှ သိမ်းဆည်းရမိမှု။

ထို့အတူ စက်တင်ဘာ ၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့ စေခမ်းရပ်ကွက်ရှိ ခြံဝင်းတစ်ခုနှင့် ဝမ်လုံရပ်ကွက်ရှိ ခြံဝင်းတစ်ခု အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉၆၈၆၀၀၀၀) ကိုလည်းကောင်း၊ သိမ်းဆည်းရမိခဲ့ပြီးဖြစ်သည့် ရှာငံခရိုင် မြို့ကြီးအနီး၌ ယာဉ်ခုနစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းအမျိုး ၁၀၀၊ လုပ်ငန်းသုံးပစ္စည်း ၃၄ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၄၅၈၇၇၉၃၃၄)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck နှစ်စီး၊ Diamond TC-003 Truck တစ်စီး၊ Dong Feng Tractor Head သုံးစီး၊ Howo Sino Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် လေးတွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၉၀၀၀၀၀၀) ကိုလည်းကောင်း၊ မုတ္တမဆိပ်ကမ်း (ရွှေပြည်သာ)၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၄၂ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၁၀၆ မျိုး၊ စားသောက်ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၅၁၁၃၆၂၀၉) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Shwe Sin Lamin ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၂၄၀၅၄၅၅၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၃၁၆၉၃၀၀၉၃ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂၈ ရက်၊ ၃၀ ရက်၊ စက်တင်ဘာ ၅ ရက်နှင့် ၆ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၈၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၇၅၂၃၀၀၉၃) ကိုသိမ်းဆည်းရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်း စီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက် ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီး စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ချမ်းမြသာစည်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၈**

ချမ်းမြသာစည်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၆ ရက် ညနေ ၃ နာရီခွဲတွင် သတင်းအရ ချမ်းမြသာစည်မြို့နယ် မြို့သစ် (၄)ရပ်ကွက်၊ ၁၁၀ လမ်း x ၁၁၁ လမ်း၊ ၆၂ လမ်း၌လမ်းလျှောက်လာသူ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၄) ရပ်ကွက်နေ သက်ဇော်လင်း(ခ)ထွယ်အောင်(၂၈)နှစ်အား စစ်ဆေးရှာဖွေရာ ကက်တမင်း ၁ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၄၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၄၀၀)ကို သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၃ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် သတင်းအရ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၉၂)ရပ်ကွက် ကျွန်းရွှေဝါလမ်းတွင် လမ်းလျှောက်လာသူ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၉၄)ရပ်ကွက်နေ ထိန်လင်းမြတ်(ခ)ကိုထိန်(၁၈)နှစ်ထံမှ အိုက်စ် (မက်သ်အဖက်တမင်း) ၁၁ ကီလို (တစ်ကီလိုလျှင် ငွေကျပ် သိန်း ၂၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၂၇၅၀)ကို သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များကို ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် ပဲခူးတိုင်းဒေသကြီး ဥက္ကာမြို့သစ် (၃)ရပ်ကွက်နေ သူရကြည်(၁၉)နှစ်နှင့် မွန်ပြည်နယ် မုဒုံမြို့ စက်သစ်ရပ်ကွက်နေ ကြည်ဘုန်းထက်(၂၅)နှစ်တို့အား ညနေ ၃ နာရီခွဲတွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၉၄) ရပ်ကွက် ဘီ(၃)လမ်း၌ Toyota Hiace ယာဉ်နှင့်လည်းကောင်း၊ ညနေ ၄ နာရီခွဲတွင် သဃ်န်းကျွန်းမြို့နယ် စံပြရပ်ကွက်နေ မမေမြတ်သင်းကြိုင်(ခ)ကိုကြိုင် (၂၈)နှစ်အားလည်းကောင်း၊ ည ၇ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် (၈) ရပ်ကွက်နေ မအေးအေးမော်(ခ)မဝိုင်း(၄၉) နှစ်အားလည်းကောင်း၊ စက်တင်ဘာ ၄ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် မြောက်ဥက္ကလာပမြို့နယ် (ဂ)ရပ်ကွက်နေ မျိုးမြင့်အောင်(၄၈) နှစ်အား (၈)ရပ်ကွက်တွင်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် လှည်းကူးမြို့နယ် ရဲမွန်တပ်မြို့နေ ဖြိုးမင်းခန့် (၄၀)နှစ်အား လှည်းကူးမြို့နယ် ဇီးပင်ဝဲရွာ၌လည်းကောင်း ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၈**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Htein Lin Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မကျီးပင်ကွင်းကျေးရွာနေ ထိန်လင်းအောင်အား မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် ကျောင်းကုန်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၉-၉-၂၀၂၅ အင်္ဂါနေ့

### MRTV HD

- **၀၆:၀၀** အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ဓဇဂ္ဂသုတ်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** တိတ်ဆိတ်မှုထဲက ပျော်ရွှင်မှုအသံ
- **၀၉:၁၀** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- **၀၉:၄၀** Sports Diary
- **၁၂:၃၅** နိုင်ငံခြားဇာတ်လမ်းတွဲ **“ဟန်ဆောင်အပြုံးနဲ့အမုန်း”** (အပိုင်း-၅)
- **၁၃:၃၀** MRTV National News
- **၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ **“တော်ဝင်တားမွဲ”** (အပိုင်း-၄၀+၄၁)
- **၁၅:၁၀** Weekly MNL Review
- **၁၅:၄၅** ၂၀၂၆ အာရှဖလားယူ-၂၃ အမျိုးသားဘောလုံးပြိုင်ပွဲ (ခြေစစ်ပွဲ) တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာအသင်းနှင့် အာဖဂန်နစ္စတန်အသင်း)
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** ပြည်ချစ်သားမွန်တေးသဝဏ်
- **၁၈:၄၅** သံစဉ်ချိုမြမြန်မာတေးအလှ
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ (တရုတ်) **“တော်ဝင်တားမွဲ”** (အပိုင်း-၄၇)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** ပြည်ချစ်သားမွန်တေးသဝဏ်
- **၂၁:၁၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **“မုန်တိုင်းတစ်ခုရဲ့နှိုးလုံး”** (အပိုင်း-၃၂)
- **၂၂:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- **07:01** Evergreen Classic: Thatta Htar Na (Sein Lei Lei)
- **07:10** Majestic Shwedagon (Epi-1)
- **07:46** Dough Artist's Dream
- **08:01** News
- **08:26** Topics Potpourri; Croatian Town Pays Grandparents to Help Tackle Childcare Shortage
- **08:31** Commercial Farming to GDP Growth, Pomelo Grower
- **09:01** Exclusive Interview with H.E. Mr.Iskander Azizov, Ambassador of the Russian Federation to Myanmar
- **09:50** THE WUSHU ATHLETE
- **10:01** News
- **10:26** Lifestyle & Entertainment

### Me

- **၀၆:၀၀** အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- **၀၆:၂၀** တိုင်းရင်းသားသီချင်း၊ အက (ကရင်)
- **၀၆:၄၅** မြန်မာသံစဉ်တေးသီချင်းများ
- **၀၇:၁၅** မြန်မာဇာတ်လမ်းတွဲ **“အတ္တဝေဒ”** (အပိုင်း-၉)
- **၀၇:၄၅** စတီရီယိုတေးသီချင်းများ
- **၀၈:၀၀** K Pop Music Gallery(33)
- **၀၈:၂၀** ဟိုတုန်းက...ရေဒီယိုဇာတ်လမ်းများ **“ကိုးမွှင့်ပူးစာ”** (ဇာတ်သိမ်းပိုင်း)
- **၀၉:၁၅** ကာတွန်းအစီအစဉ် **“ရိုကုံးစွန့်စားခန်း”** (အပိုင်း-၅)
- **၀၉:၃၀** စတီရီယိုတေးများ
- **၀၉:၄၅** မြန်မာ့ရုပ်ရှင်(ဆေးရောင်စုံ) **“အတွေးလေးရယ်မှ အိုအကြိုး”**
- **၁၅:၄၅** ၂၀၂၆ အာရှယူ-၂၃ အမျိုးသားဘောလုံးပြိုင်ပွဲ (ခြေစစ်ပွဲ) တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် မြန်မာအသင်းနှင့် အာဖကန်နစ္စတန်

### MRTV NRC

**ပအိုဝ်းဘာသာ (၀၆:၀၀ မှ ၀၇:၀၀)**
တီးမှုတ်သူပေါင်းနှစ်ထောင်ခန့်လာရောက်မှုပညာ

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ရောဝတီရဲ့အရိုင်းဆန်တဲ့အလှဂေါ်ရန်ဂျီ(အပိုင်း-၅)

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဘိုးဘိုးရဲ့အနုပညာတန်ဖိုးလက်ရာ

**ချင်း(လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
သင်မယ်၊ ရေးမယ်တို့ “ချင်း” စာ

**ချင်း(ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ပျားမွေးမြူခြင်း

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
စိမ်းလန်းစိုပြေသံပြုရုပ်မြေ

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၆)

**ရှမ်း (၁၅:၀၀ မှ ၁၈:၀၀)**
ငါးပေါင်းအစားအစာ

**ဝ (၁၈:၀၀ မှ ၁၉:၀၀)**
ဝက်သားပဲပြုတ်ဟင်းချက်နည်း

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ခေါင်လန်ဖူးအလွန်မှဒီးလာဝါဇီကျေးရွာသို့(အပိုင်း-၁)

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ပညာရှိဂဏန်းပုံပြင်

### MRTV NEWS

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၀၅** လှုပ်လှုပ်ရှားရှားအားကစား
- **၀၆:၄၀** အားကစားသတင်း
- **၀၇:၄၅** နိုင်ငံတကာ စီးပွားရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသတင်း
- **၀၈:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၀၉:၀၀** ပြည်တွင်းသတင်း(LIVE)
- **၀၉:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၀၉:၄၅** Save Our Planet Program
- **၁၀:၄၅** အသိပညာနှင့်အမှန်တရား (စွမ်းဆောင်နိုင်စွမ်းနှင့် ယုံကြည်စိတ်ချရမှု)
- **၁၁:၀၀** ပြည်တွင်းသတင်း(LIVE)
- **၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၃:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း(LIVE)
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)

### MRTV PARLIAMENT

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၁၅** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ **“ကိုရီးယားနိုင်ငံ”**
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **“သူတစ်ပါးအယောင်ဆောင်ခြင်း”**
- **၁၀:၀၀** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ **“ဝင်ကာမူနိုင်ငံ”**
- **၁၀:၃၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း **“ဂျပန်နိုင်ငံ”**
- **၁၁:၀၀** ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၀၅)

### MRTV FARMERS' HD

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
- **၀၆:၀၅** သိုလှောင်စဉ်လေလွှင့်မှုနည်းစေရန် သီးနှံမျိုးစေ့များတွင်ရှိသင့်သည့် အစိုဓာတ်တိုင်းတာနည်း
- **၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်း
- **၁၈:၂၀** Day in the Life of a Small Farm
- **၁၉:၀၀** Coconut Fiber Products Manufacturing Process.(MM) GreatApplication of coir products in modern life
- **၂၀:၀၀** **လှတေသားနဲ့ယောက္ခမလောင်း**(ဇာတ်လမ်း)
- **၂၂:၀၀** The Dirge Singer (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- **၀၆:၀၀** အဖွင့်
- **၀၆:၂၀** လူငယ်တို့အတွက် လမ်းပြကြယ်
- **၀၆:၄၅** Sports Diary
- **၀၇:၂၅** The Sports Editor's Top Picks of this Week
- **၁၇:၀၀** အားကစားသတင်း
- **၁၈:၀၀** Neymar The Perfect Chaos - S01E01

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၅)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မွန်ပြည်နယ်၌ ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၈**

၂၀၂၅ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း ဦးသာညွှန့်ခမ္မာရုံ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မော်လမြိုင်မြို့နယ်မှ ဆရာ ဆရာမများက “စာတတ်မြောက်ရေး လူတိုင်း အရေး” တေးသီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ပညာရေးဝန်ကြီးဌာနနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် စဉ်ဆက် ပညာရေးလုပ်ငန်းကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၃၁ ရက်အထိ မွန်ပြည်နယ်မြို့နယ် ရွာမြို့နယ်တို့တွင် စာသင်သား ၇၈၄၁ ဦး၊ စာသင်ဝိုင်း ၅၈၃ ဝိုင်း၊ နည်းပြ ၆၁၆ ဦးနှင့် ကြီးကြပ် ၇၀ တို့ဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ပညာရေးတွင် လူတိုင်းပါဝင် သင်ကြားနိုင်ရန် ကျောင်းသင် ပညာရေး (Formal Education) နှင့်အတူ ကျောင်းပြင်ပ ပညာရေး (Non- Formal Education) တို့ဖြင့် သင်ကြားနိုင်ရန် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အဘက်ဘက်မှ တာဝန်ကျပွန်စွာ ထမ်းဆောင်ကြပြီး လူသားတစ်ဦးချင်းစီကလည်း “စာမတတ်သူ ဝိုင်းလို့ကူ” ဟူသော ဆောင်ပုဒ်နှင့်အညီ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကျေးလက်နေ ပြည်သူများနှင့် တိုင်းရင်းသား ပြည်သူများ စာတတ်မြောက်ရေး အတွက် ဆောင်ရွက်မှုမှတ်တမ်း Video Clip ကိုပြသပြီး အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက “စာသင်ကျောင်းမှ ခေါင်းလောင်းသံ” တေးသီချင်းဖြင့် သီဆို ကပြဖျော်ဖြေနေမှုကို လည်းကောင်း၊ အမှတ်(၁၀) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက “စာတတ်မြောက်ရေးဝိုင်းကူပေး” တေးသီချင်းဖြင့် သီဆိုဖျော်ဖြေနေမှုများကို လည်းကောင်း ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်ကာ တက်ရောက်လာကြသည့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

(၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၈ ရက်က သန်လျင်မြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးသောင်းဒန် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက ကျိုက်ဗောဓိစေတီတော်မြတ်ကြီးအတွင်း၌ အမှိုက်များနှင့် ချုံနွယ်၊ မြက်ပင်များ ရှင်းလင်းခြင်းနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးတို့ကို စုပေါင်းဆောင်ရွက်စဉ်။

အောင်ကျော်

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ဥတိုမြို့သစ် အောင်ချမ်းသာဘုရားဝင်းအတွင်း၌ စက်တင်ဘာ ၈ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးအောင်ကျော်မိုးနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူးဝင်းဇော်တို့၏ ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များက ချုံနွယ်၊ မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် (၁၀၈)တောင် စေတီတော်၌ စက်တင်ဘာ ၈ ရက်က ဗိုလ်တထောင်ခရိုင်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီး လှဘုန်းကျော်၏ ကြီးကြပ်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးညွှန့်ဝင်း ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့စုတို့မှ အရာရှိများနှင့် တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

အိရွှေစင်လတ်

# လက်ပံတန်းမြို့၌ ခရိုင်အထူးကုဆရာဝန်ကြီးများ ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းကုသပေး

**လက်ပံတန်း စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်တွင် သာယာဝတီခရိုင် ကျန်းမာရေးဦးစီးဌာန ကွင်းဆင်းကုသရေးအဖွဲ့မှ အထူးကုဆရာဝန်ကြီးများက အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းကုသခြင်းကို လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

သာယာဝတီခရိုင်ဆေးရုံအုပ် ဒေါက်တာစုလှိုင်ထွေး ဦးဆောင်သော အထူးကုဆရာဝန်ကြီးများ၊ လက်ပံတန်းမြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်ဇော်ဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက အထွေထွေရောဂါလူနာ ၈၈ ဦး၊ သာဖွားမီးယပ်လူနာ ၁၄ ဦး၊ ကလေးလူနာ ခုနစ်ဦး၊ သွားနှင့် ခံတွင်းလူနာ လေးဦး၊ ခွဲစိတ်လူနာ ၁၅ ဦး၊ အရိုးရောဂါလူနာ ၇၀၊ ဓာတ်မှန်လူနာ ၅၀ နှင့် မျက်စိလူနာ တစ်ဦး စုစုပေါင်း ၂၄၈ ဦးတို့အား လိုအပ်သော ဆေးဝါးကုသမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးကြသည်။

အဆိုပါဆောင်ရွက်နေမှုကို သာယာဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ထွေးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျောက်တန်းမြို့နယ်၌ အကြိုအခြေခံမီးသတ်ပညာသင်တန်းဖွင့်လှစ်

**ကျောက်တန်း စက်တင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်မီးသတ်ဦးစီးဌာနမှ အကြိုအခြေခံမီးသတ်ပညာသင်တန်း အမှတ်စဉ်(၁/၂၀၂၅)ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက ကျောက်တန်းမြို့နယ်ရွှေပျောက်ကျေးရွာရှိ ရတနာမြိုင်သာယာ ဘုန်းတော်ကြီးကျောင်းမမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးချမ်းမြေဦးက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကို ၁၀ ရက်ကြာ ဖွင့်လှစ်ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်ထွန်း**

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားကပြည်သူ့စကား”အစီအစဉ်မှ **“NUG၊ PDF တို့အတွက် အမှားကိုဝန်ချတောင်းပန်ပြီး ဥပဒေဘောင် ဝင်ရောက်ရုံမှတစ်ပါး အခြားမရှိ”** ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ကျိုက်မရော မြို့နယ် ကော့ပနောကျေးရွာအနီး အရပ်သားပြည်သူနဲ့ခရီးသွား ပြည်သူများ ကြောက်ရွံ့ထိတ်လန့် ထိခိုက်စေရန် KNU/PDF အကြမ်းဖက်သမားများက Drop Bomb ချ တိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့တဲ့ ပြည်သူ ၁၁ ဦး”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

ဟိုပုံး စက်တင်ဘာ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက ကျင်းပသည်။

**လောင်းလှူပူဇော်**

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဟိုပုံးမြို့ပေါ်ရှိ ဘုန်းကြီးကျောင်းပေါင်း ၁၃ ကျောင်းမှ သံဃာတော် ၅၄၁ ပါးတို့အား ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်း ကျောင်းအုပ်ကြီး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသ/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုဝင်များ၊ မြို့ပေါ်ရပ်ကွက်များမှ သဒ္ဓါထက်သန်အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများကို စုပေါင်းလောင်းလှူပူဇော်ခဲ့ကြကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

# ရန်ကင်းမြို့နယ်၌ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် သရုပ်ပြသခြင်း ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်တွင် မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြသခြင်း( Kaeru Caravan) အစီအစဉ်ကို ယနေ့နံနက် ၉ နာရီက NIEC ကိုယ်ပိုင်ကျောင်း၌ ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထိန်လင်းက အမှာစကားပြောကြားသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရန်ကင်းမြို့နယ် NIEC(International School) ကိုယ်ပိုင်ကျောင်းမှ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြသခြင်း (Kaeru Caravan)အစီအစဉ်ကို Kaeru Caravan အဖွဲ့ဝင်များနှင့်အတူ ဆောင်ရွက်ရာ ကျောင်းသား ကျောင်းသူ ၁၀၀ နှင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများက စိတ်ပါဝင်စားစွာ ပါဝင်လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

# မုံရွာခရိုင်အတွင်းရှိ ဝန်ထမ်းများအား ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းဖွင့်ပွဲကျင်းပ

မုံရွာ စက်တင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဝန်ထမ်းများ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေရန်နှင့် စွမ်းဆောင်ရည် မြင့်မားတိုးတက်လာစေရန် ရည်ရွယ်၍ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးသိန်းထိုက်ဦးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မုံရွာခရိုင်ဦးစီးမှူး ဒေါ်ဥမ္မာခင်က သင်တန်းသား သင်တန်းသူများအနေဖြင့် ငွေစာရင်းထိန်းသိမ်းနည်းနှင့်ပတ်သက်သည့် သင်ကြားပို့ချပေးမည့်ဘာသာရပ်များအပေါ် စိတ်ပါဝင်စားစွာသင်ယူကြရန်နှင့် မိမိတို့လုပ်ငန်းခွင်တွင် ထိရောက်စွာပြန်လည်အသုံးချနိုင်ရေးအတွက် ကြိုးစားသင်ယူကြရန် ရှင်းလင်းပြောကြားသည်။

သင်တန်းကို မုံရွာခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၁၅၅ ဦး တက်ရောက်ပြီး သင်တန်းနည်းပြနှစ်ဦးဖြင့် ခုနစ်ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ဖြိုးကျော်(ပုံတောင်မြေ)

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်တွင် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၇ ရက်က အမှတ်(၅)ရဲပက္ခကို မြို့နယ်ပြည်သူ့ဆေးရုံ၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းပိုင်ဦးစီး၍ မြို့မရဲစခန်းမှူး ဒုရဲမှူး ဇော်မင်းနိုင် ဦးဆောင်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များက မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)

# ဓာတ်ခွဲနမူနာစုစုပေါင်း ၆၁၀ စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၈-၉-၂၀၂၅)ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၃၁-၈-၂၀၂၅)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၇-၉-၂၀၂၅) ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆၁၀)အား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာ မရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေ မရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)**

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**


## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၉-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၄၅ | ၃၀၅၅ | ၃၀၂၅ | ၂၉၆၀ | ၃၀၆၅ | ၃၀၈၀ | ၃၀၉၅ | ၃၀၁၅ | ၄၅၀၅ | ၃၃၁၀ | ၃၀၃၀ | ၃၀၃၅ | ၃၁၀၅ | ၃၀၇၀ | ၃၀၉၀ | ၃၃၄၅ |
| 95 Ron | ၃၀၁၀ | ၃၁၂၀ | ၃၀၉၀ | ၃၀၂၅ | ၃၁၃၀ | ၃၁၄၅ | ၃၁၆၀ | ၃၀၈၀ | ၄၅၆၀ | ၃၃၇၅ | ၃၀၉၅ | ၃၁၀၀ | ၃၁၀၇ | ၃၁၃၅ | ၃၁၅၅ | ၃၄၁၀ |
| HSD (500 ppm) | ၂၅၆၀ | ၂၆၀၅ | ၂၆၄၀ | ၂၅၇၅ | ၂၆၈၀ | ၂၆၉၅ | ၂၇၁၀ | ၂၆၃၀ | - | ၂၉၂၅ | ၂၆၅၀ | ၂၆၅၀ | ၂၇၂၀ | ၂၆၈၅ | ၂၇၀၅ | ၂၉၆၅ |
| HSD (50 ppm) | ၃၁၇၀ | ၃၂၈၀ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၀ | ၃၂၄၀ | ၄၈၃၀ | ၃၅၃၅ | ၃၂၅၅ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၁၅ | ၃၅၇၀ |
| HSD (10 ppm) | ၃၁၇၀ | ၃၂၈၀ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၀ | ၃၂၄၀ | - | ၃၅၃၅ | ၃၂၅၅ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၁၅ | ၃၅၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၇၆ | ၂၈၆၅ |
| 95 Ron | ၂၈၁၉ | ၂၉၂၉ |
| HSD (500 ppm) | ၂၄၀၄ | ၂၄၀၂ |
| HSD (50 ppm) | ၂၉၉၄ | ၃၀၈၃ |
| HSD (10 ppm) | ၂၉၉၄ | ၃၀၈၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## မြန်မာ့လူနေမှုဘဝရဲ့ မနက်ခင်းအလှ

ကျွန်တော်တို့နိုင်ငံမှာ လူအများစုက ဗုဒ္ဓဘာသာဝင်တွေပါခင်ဗျာ။

လူတွေရဲ့ နေ့စဉ်လူနေမှုဘဝမှာ ဘာသာရေးနဲ့ပတ်သက်တဲ့ အလေ့အကျင့်လေးတွေအထဲကမှ အလှပဆုံး မြင်ကွင်းတစ်ခုကတော့ မနက်တိုင်း ဘုန်းတော်ကြီးတွေ၊ ကိုရင်လေးတွေကို ဆွမ်းလောင်းတဲ့ခလေ့ပါပဲ။

နိုင်ငံအနှံ့အပြားက မြို့တွေ၊ ရွာတွေမှာဆိုရင် လူတွေဟာ မနက်စောစော ကိုယ့်အိမ်ရှေ့ လမ်းမပေါ်မှာစောင့်ပြီး ဆွမ်းခံကြွလာတဲ့ သံဃာတော်တွေကို စောင့်ကြိုနေတတ်ကြပါတယ်။ ဘုန်းတော်ကြီးတွေနဲ့ ကိုရင်လေးတွေဆိုတာကလည်း သူတို့ ကျောင်းတိုက်တွေမှာ ဘာသာရေးစာပေတွေ သင်ကြား၊ သင်ယူနေကြတဲ့သူတွေ၊ တရားဘာဝနာတွေ ကျင့်ကြံအားထုတ်နေကြတဲ့သူတွေဆိုတော့ သူတို့ကို ဆွမ်းလောင်းလှူတာဟာ ကုသိုလ်ထူးပါပဲ။

အိမ်သားတွေ စားဖို့ မနက်စာ ချက်ပြုတ်ပြင်ဆင်တဲ့အခါမှာ စားဦးစားဖျား (ပထမဆုံးချက်ထားတဲ့ အကောင်းဆုံးအစာ) ကို သံဃာတော်တွေအတွက် အရင်ဦးဆုံး သပ်သပ်ဖယ်ထားတတ်ကြပါတယ်။ ပြီးမှ ဆွမ်းခံလာကြတဲ့ ဘုန်းကြီးတွေ၊ ကိုရင်လေးတွေကို အိမ်ရှေ့ထွက်ပြီး ကြည်ကြည်နူးနူး လှူဒါန်းလိုက်ကြတာပေါ့။ တချို့ဆို ဆန်၊ ဆီ၊ ဆားစတဲ့ လှူဖွယ်ဝတ္ထုပစ္စည်းလေးတွေကိုပါ လှူဒါန်းကြသေးတယ်။ ဒါဟာ မြန်မာလူမျိုးတွေရဲ့ စိတ်ထားဖြူစင်မှုနဲ့ သာသနာအပေါ်ထားတဲ့ ကြည်ညိုလေးစားမှုကို ပြသနေတဲ့ အမူအကျင့်လေးတစ်ခုပါပဲ။ ဒီလို မနက်တိုင်း ဆွမ်းကပ်ရတာဟာ စိတ်ကိုလည်းကြည်လင်စေပြီး ကောင်းမှုကုသိုလ်တွေလည်း ရရှိစေတာပေါ့။

ကိုယ့်အိမ်ရှေ့ကို ဆွမ်းခံကြွလာတဲ့ သံဃာတော်တွေရဲ့ သပိတ်ထဲကို နေ့စဉ် ဆွမ်းတစ်ဇွန်း၊ ဟင်းတစ်ခွက် မှန်မှန်လောင်းလှူမယ်ဆိုရင် ကိုယ်လှူတာဟာ ပုဂ္ဂိုလ်စွဲမရှိဘဲ စေတနာသဒ္ဓါတရားတွေ ထက်သန်ပြီး ပျော်ရွှင်ကြည်နူးရမှာပါ။ ဒီလိုနေ့တိုင်းလှူရင် ပုဗ္ဗစေတနာ (မလှူခင်စိတ်)၊ မုဉ္စစေတနာ (လှူဆဲစိတ်)၊ အပရစေတနာ (လှူပြီးစိတ်) ဆိုပြီး ကုသိုလ်သုံးမျိုးရပါတယ်။ တစ်နှစ်ဆို ၁၀၉၅ မျိုးတောင်ရမှာပေါ့။

ဆွမ်းခံကြွတဲ့ သံဃာတော်တွေကလည်း အလှူရှင်တွေ လှူသမျှနဲ့ပဲ တင်းတိမ်ရောင့်ရဲကြပါတယ်။ ဒီလိုတင်းတိမ်တဲ့စိတ်ရှိတော့ လောဘကင်းတယ်။ ဆွမ်းခံကြွချိန်မှာ အလှူရှင်တွေကို မေတ္တာပို့တော့ ဒေါသကင်းတယ်။ သတိနဲ့သွားလာတော့ မောဟကင်းတယ်။ မာနကိုချိုးနှိမ်ပြီးမှ ကြွရတော့ မာနကင်းတယ်။ ဒီလို ဆွမ်းခံကျင့်ဝတ်နဲ့ ကြွချီတော်မူတဲ့ သံဃာတော်တွေကို ဖူးရ၊ လှူရတော့ မှန်ကန်တဲ့အမြင်ဖြစ်ပြီး မိစ္ဆာဒိဋ္ဌိလည်း ကင်းပါတယ်။

ဆွမ်းခံတာဟာ စင်ကြယ်တဲ့အသက်မွေးမှုပါ။ ဒါကြောင့် ပိဏ္ဍပါတ်ဆွမ်းလှူတာဟာ အကျိုးများတာပေါ့။ ဆွမ်းထဲမှာ နေ့စဉ်မပြတ် လှူဒါန်းတဲ့ ပိဏ္ဍပါတ (ပိဏ္ဍပါတ်) ဒါမှမဟုတ် နိစ္စဘတ်ဆွမ်းက အမြတ်ဆုံးပါပဲ။ ဒီဆွမ်းကို မြန်မာလိုဆိုရင် "သပိတ်ထဲမှာ ခံရတဲ့ဆွမ်း" လို့ အဓိပ္ပာယ်ရပါတယ်။

ဒဲ့အပြင် ဆွမ်းလှူတာဟာ တစ်ဦးတစ်ယောက်အတွက်မဟုတ်ဘဲ ရဟန်း၊ သာမဏေ၊ နေမကောင်းတဲ့ရဟန်း၊ ခရီးသွားရဟန်းတွေအပြင် ဝေယျာဝစ္စလုပ်ပေးသူတွေနဲ့ တိရစ္ဆာန်တွေပါ ခွဲဝေသုံးဆောင်ကြလို့ သံဃိကဒါန (သံဃာအားလုံးအတွက် လှူဒါန်းခြင်း) လည်းဖြစ်ပါတယ်။ သံဃာကိုလှူရင် အကျိုးပိုများတာ အားလုံးသိကြမှာပါ။

နေ့စဉ်လှူဒါန်းတဲ့ဆွမ်းဟာ သာသနာအတွက် အကျိုးကျေးဇူးများသလို လှူဒါန်းသူတွေအနေနဲ့လည်း အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း စတဲ့ ဆွမ်းအကျိုးငါးပါးအပါအဝင် ထူးမြတ်တဲ့ အကျိုးကျေးဇူးတွေကို ရရှိနိုင်ပါတယ်ခင်ဗျာ။

**Composing Written Sentences**

- မြန်မာနိုင်ငံက ဗုဒ္ဓဘာသာဝင်တွေအတွက် မနက်တိုင်း ဘုန်းတော်ကြီးတွေ၊ ကိုရင်လေးတွေကို ဆွမ်းလောင်းလှူတာက နေရာအနှံ့အပြားမှာ တန်ဖိုးထားတဲ့ ဓလေ့တစ်ခုပါ။

It is a widespread and deeply cherished custom of Buddhists in Myanmar to offer food to monks and novices every morning.

- လူတွေဟာ မနက်စောစော ကိုယ့်အိမ်ရှေ့လမ်းမပေါ်မှာ စောင့်ပြီး ဆွမ်းခံကြွလာတဲ့ သံဃာတော်တွေကို စောင့်ကြိုနေတတ်ကြပါတယ်။

People wait early in the morning on the street in front of their homes for monks collecting alms.

- သူတို့ကို ဆွမ်းလောင်းလှူတာဟာ ကုသိုလ်ထူးပါပဲ။

Offering them food is special merit.

- စားဦးစားဖျားကို သံဃာတော်တွေအတွက် အရင်ဦးဆုံး သပ်သပ်ဖယ်ထားတတ်ကြပါတယ်။

They first set aside the best part of the food for the monks.

- ဒါဟာ မြန်မာလူမျိုးတွေရဲ့ စိတ်ထားဖြူစင်မှုနဲ့ သာသနာအပေါ် ထားတဲ့ ကြည်ညိုလေးစားမှုကို ပြသနေတဲ့ အမူအကျင့်တစ်ခုပါပဲ။

This shows the purity of heart and respect for Buddhism of Myanmar people.

- ဒီလိုမနက်တိုင်း ဆွမ်းလောင်းရတာဟာ စိတ်ကိုလည်း ကြည်လင်စေပြီး ကောင်းမှုကုသိုလ်တွေလည်း ရရှိစေတာပေါ့။

Offering food every morning clears the mind and brings good merit.

- နေ့စဉ်လှူဒါန်းတဲ့ဆွမ်းဟာ သာသနာအတွက် အကျိုးကျေးဇူးများသလို လှူဒါန်းသူတွေအနေနဲ့လည်း ထူးမြတ်တဲ့ အကျိုးကျေးဇူးတွေကို ရရှိနိုင်ပါတယ်။

Daily food offerings benefit Buddhism and also bring special benefits to the donors.

**Myanmar Alms Offering**

- Custom / ဓလေ့ – A traditional practice.
- Offer food / ဆွမ်းလောင်းလှူသည် – To give alms food to monks.
- Monks / ဘုန်းတော်ကြီး – Buddhist monastic.
- Novice / ကိုရင် – Young male who has taken basic monastic vows.
- Wait / စောင့်သည် – To remain in a place until someone or something arrives.
- Merit / ကုသိုလ် – Good karma; spiritual benefit.
- Best part of food / စားဦးစားဖျား – The first and best portion of food.
- Purity of heart / စိတ်ထားဖြူစင်မှု – Innocence; genuine kindness.
- Respect / ကြည်ညိုလေးစားမှု – Admiration and reverence.
- Benefit / အကျိုးကျေးဇူး – Advantages; positive outcomes.

# Let's Write in English daily, young ones.

# လူငယ်တွေ ... အင်္ဂလိပ်လို နေ့စဉ်ရေးကြရအောင် ...



စိုင်းအောင်မြင့် (ရှမ်းအိုးစည်-တာချီလိတ်)

## မြန်မာမဆန်သော ရေးဟန်အမှားများ

**လှသမိန်**

**မြန်မာစာသည် ပါဠိဘာသာ အသုံးများသောခေတ်၊ အင်္ဂလိပ်ဘာသာ အသုံးများသော ခေတ်တို့ကို ဖြတ်သန်းလာရသဖြင့် အရေးအသားဟန်ပန်တွင် အခြားဘာသာဝါဂျဖွဲ့ဟန်များ လွှမ်းမိုးခြင်းခံရလေသည်။ ထို့ကြောင့် မြန်မာစာကို အမှတ်မထင်ရေးရာ၌ မြန်မာမဆန်သော ရေးဟန်အမှားများကို ရေးသားမိတတ်ကြလေသည်။ ဤသို့သော ရေးဟန်အမှားမျိုးကို သတိပြုနိုင်ရန် အောက်တွင် ဥပမာအချို့ဖော်ပြထားပေသည်။**

က

**အမှား။** သူငယ်သည် အိပ်မွေ့ခြင်းသို့သက်သည်။

**အမှန်။** သူငယ်သည် အိပ်ပျော်သည်။

**ရှင်းလင်းချက်။** ပါဠိဘာသာ၌ (နိဒ္ဒါက္ကမ)ဟူ၍ ရေးခြင်း၊ အင်္ဂလိပ်ဘာသာ၌ (FALLS ASLEEP) ဟူ၍ ရေးခြင်းတို့ကိုန္တယ်လိုက်၍ ရေးခြင်းမျိုးဖြစ်သည်။ တစ်ခါတစ်ရံ ဖွဲ့နွဲ့တင်စားရာ၌သာ သုံးသင့်သည်။

ခ

**အမှား။** နှစ်ဆယ်အလွန်ရှိသော အနှစ်တစ်ရာကာလပတ်လုံး။

**အမှန်။** အနှစ်တစ်ရာ့နှစ်ဆယ်ပတ်လုံး။

**ရှင်းလင်းချက်။** ပါဠိဘာသာ၌ (အပရောသတံ)ဟူသော ပုဒ်ကို လိုက်၍ ရေးခြင်းမျိုးဖြစ်သည်။ (ဇကူနဝိသတိ) တစ်ခု ယုတ်ကိုးဆယ်ဟူ၍ ရေးခြင်းမျိုးပင် ဖြစ်သည်။

ဂ

**အမှား။** မျောက်သည် ပြောင်းစေ့တစ်စေ့ကို ရှာသည်ရှိသော် ပြောင်းတစ်စေ့ကြောင့် အလုံးစုံကုန်သောပြောင်းစေ့တို့မှ ယုတ်သကဲ့သို့။

**အမှန်။** မျောက်သည် ပြောင်းစေ့တစ်စေ့ကို ရှာသည်ရှိသော် ပြောင်းတစ်စေ့ကြောင့် ပြောင်းစေ့အားလုံး ဆုံးရှုံးလက်လွှတ်ရသကဲ့သို့။

**ရှင်းလင်းချက်။** ပါဠိ၌(သမ္မကဋ္ဌာယေဟိ ပရိဟိနော)ဟူ၍ ရေးသားသည်ကို တိုက်ရိုက်ပြန်ဆိုဟန် ဖြစ်လေသည်။

**မှတ်ချက်။** ဤ၌ ပါဠိမှ တိုက်ရိုက်ပြန်ဆိုသော စကားဟန်၊ စာဟန်သည် ဘာသာရပ်အနေဖြင့် လေ့လာဖွယ်ရှိ၍ တစ်မျိုးဆန်းသစ်သည်မှန်၏။ အဓိပ္ပာယ်ပေါ်ထွက်ပုံလည်း မမှားပေ။ သို့ရာတွင် မြန်မာစကားဟန် ရေးရိုးရေးစဉ်နှင့် ကွဲလွဲလေသောကြောင့် ရေးဟန်မြန်မာမဆန်သည်ကိုပင် ဤစာအုပ်၏ ရည်ညွှန်းချက်နှင့် အကျိုးဝင်အောင် ပြလိုသဖြင့် ရေးဟန်အမှားတွင် ထည့်သွင်းဖော်ပြလိုက်ခြင်းဖြစ်ပေသည်။

ဃ

**အမှား။** အောက်မေ့စိုးရိမ်ခြင်းသည် နှိပ်စက်အပ်သည်ဖြစ်၍ သေသောက်ခြင်းကို ရောင်၏။

**အမှန်။** အောက်မေ့စိုးရိမ်လှသည်ဖြစ်၍ အရက်ကိုမသောက်ဘဲ ရောင်၏။

**ရှင်းလင်းချက်။** ပါဠို၌(တဿသောကေနာဟံ ဖုဋ္ဌောပဇ္ဈာ ပါနံ ဝိဝဇ္ဇယိ)ဟူ၍ ရေးသည်ကို စွဲ၍ရေးခြင်းဖြစ်သည်။

င

**အမှား။** သင်တပည့်တို့သည် မအောင်လတ္တံ့။

**အမှန်။** သင်တပည့်တို့ အောင်မည်မဟုတ်။

**ရှင်းလင်းချက်။** ပါဠို၌ (နတံဇယိဿတိ သိဿော) ဟူ၍ ရေးသည်ကို စွဲ၍ရေးခြင်းဖြစ်သည်။

စ

**အမှား။** ပြုအပ်ပြီးသော ကောင်းမှုရှိသော။

**အမှန်။** ကောင်းမှုပြုအပ်ခဲ့ပြီးသော

**ရှင်းလင်းချက်။** ပါဠို၌ (ကတပုညဿ)ဟူ၍ ရေးသည်ကို တိုက်ရိုက်ပြန်ဆိုခြင်းဖြစ်သည်။

ဆ

**အမှား။** အစ်ကို ကိုအဖို့ရှိသော ဥစ္စာကို လှည့်စား၏။

**အမှန်။** အစ်ကို့အတွက် လျာထားသော ဥစ္စာကို လှည့်စား၏။

**ရှင်းလင်းချက်။** ပါဠို၌ (ဘာတရပေတ္တိကံ သာပတေယျံ) ဟူ၍ ရေးသည်ကို တိုက်ရိုက်ပြန်ဆိုခြင်းဖြစ်သည်။

**(ဆက်လက်ဖော်ပြပါမည်)**

**ဆရာကြီး လှသမိန်၏ "များတတ်သော မြန်မာစာအရေးအသား (အမှန်ရေးနည်း)" စာအုပ်မှ ကူးယူ ဖော်ပြပါသည်။**

**၂၀၂၅ ခုနှစ်၊ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ရည်ရွယ်ချက် (၄) ရပ်**

- ❖ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်။

# ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး ရှင်းလင်းဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၈**

ပြည်ပပို့ကုန်သီးနှံ ထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး ရှင်းလင်းဆွေးနွေးပွဲကို စက်တင်ဘာ ၇ ရက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ကုန်သည်/စက်မှုအသင်းချုပ် (UMFCCI)မဂ်လာခန်းမ၌ ပြုလုပ်သည်။

ရှင်းလင်းဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် သီးနှံကာကွယ်ရေးဌာန ညွှန်ကြားရေးမှူး ဦးဇော်လင်းတို့က ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး ဆောင်ရွက်ရမည့် ကိစ္စများ၊ ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် PC အတု ပြုလုပ်နေမှုများ ကာကွယ်ရန် အတွက် အဆင့်မြှင့်တင်မည့် အခြေအနေများ၊ Agent များကို သင်တန်းပေးမည့် အစီအစဉ်၊ ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု လျော့ချရေးအတွက် Public Private Farmer Partnership (PPFP)ပုံစံဖြင့် ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပညာပေး ဆောင်ရွက်သွားမည့် အခြေအနေများ စသည်တို့ကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသည့် UMFCCI ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းတို့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးများနှင့် ကုမ္ပဏီများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

**ကိုထက်**

# ဟင်္သာတမြို့၌ စာသင်ကျောင်းအခြေပြု မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး

**ဟင်္သာတ စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် မီးသတ်ဦးစီးဌာနက စာသင်ကျောင်းအခြေပြု မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးအန္တရာယ်သရုပ်ပြဓာတ်တိုက်လှေကျင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ဟင်္သာတမြို့ တာငါးဆယ်မြောက်ရပ်ကွက် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ပြုလုပ်သည်။

**အသိပညာပေးဟောပြော**

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးဥက္ကာဦးက ကျောင်းသား ကျောင်းသူများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရမည့်အချက်များနှင့် မီးလောင်မှုဖြစ်ပွားစေနိုင်သော အချက်များ၊ မီးသတ်ဆေးဘူးအသုံးပြုကာ ဖြုတ်၊ ချိန်၊ ညှစ် စနစ်ဖြင့် မီးငြိမ်းသတ်ခြင်းများကို အသိပညာပေးရှင်းလင်းဟောပြောခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဥက္ကာဦး ဦးဆောင်သော သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၂၀၀ ခန့်အား ဆီမီး(DCP)မီးသတ်ဆေးဘူးဖြင့် မီးလောင်ခြင်းအန္တရာယ်ကြုံတွေ့ပါက အရေးပေါ်မီးငြိမ်းသတ်နိုင်ရန်ပြသပေးခြင်း၊ အဝတ်ရေစိုဖြင့်အရေးပေါ်မီးငြိမ်းသတ်ပုံများကို သရုပ်ပြကာ လက်တွေ့သင်ကြားလေ့ကျင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဧရာဦးသာ**

# ဘုတ်ပြင်းမြို့နယ်၌ ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**ဘုတ်ပြင်း စက်တင်ဘာ ၈**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်ရှိ အုန်းတောကမ်း-နီပါး-ပါးစပ်ကုန်း-လိပ်ဥချောင်း ကျေးရွာချင်းဆက်လမ်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၄၁ ဒသမ ၂၄၄ သန်းဖြင့် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

အုန်းတောကမ်း-နီပါး-ပါးစပ်ကုန်း-လိပ်ဥချောင်း ကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) မြို့နယ်တာဝန်ခံအင်ဂျင်နီယာနှင့် တာဝန်ရှိသူများက စက်တင်ဘာ ၇ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်သုံးပစ္စည်းများ စံချိန်စံညွှန်းကိုက်ညီရေးနှင့် လုပ်ငန်းများသတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန်မှာကြားခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

# အုတ်ဖိုမြို့၌ Google Spreadsheet အသုံးပြု၍ Data ထည့်သွင်းနည်းသင်တန်း ကျင်းပ

**အုတ်ဖို စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး၏ လမ်းညွှန်မှုဖြင့် သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး အစည်းအဝေးခန်းမ၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ဦးဆောင်မှုဖြင့် ယနေ့တွင် Google Spreadsheet အသုံးပြု၍ Data ထည့်သွင်းနည်း သင်တန်းကို ကျင်းပသည်။

အဆိုပါသင်တန်းကို ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပိုမိုအားကောင်းလာစေရေးအတွက် ကျန်းမာရေးဆိုင်ရာ အချက်အလက်များ၊ ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုမှုဆိုင်ရာ အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီရရှိစေပြီး လိုအပ်သော ကာကွယ်ကုသ လုပ်ငန်းများနှင့် ကျန်းမာရေးဆိုင်ရာဆုံးဖြတ်ချက်များကို ချမှတ်နိုင်ရေး ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်း ပြီးမြောက်ပါက စောစီးစွာ သတင်းရယူခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းစနစ် (EWARS)၊ ကာကွယ်ဆေးထိုးလုပ်ငန်းသုံး ရေခဲသေတ္တာများ၏ အပူချိန် စောင့်ကြပ်ကြည့်ရှုမှု မှတ်တမ်း၊ ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုစာရင်းနှင့် အန္တရာယ်ရှိသော ကိုယ်ဝန်ဆောင်များ၏ မှတ်တမ်း၊ ဆေးရသုံးကျန်စာရင်းများ စီမံခန့်ခွဲမှုမှတ်တမ်းတို့ကို စတင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်သူ(အုတ်ဖို)**

**(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် သန်လျင်ခရိုင်ရဲတပ်ဖွဲ့က စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၈ ရက်က သန်လျင်ပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်ရာ သွေးလှူဒါန်းကြသော တပ်ဖွဲ့ဝင်များအား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ဌေးက ဖြည့်စွက်အာဟာရပစ္စည်းများ ပေးအပ်စဉ်။** သန်းဝင်း(သန်လျင်)

## စုပေါင်းစိုက်ပျိုး

မွန်ပြည်နယ်၏ ၂၀၂၅ ခုနှစ် မိုးရာသီ ဒီရေတောသစ်ပင်စိုက်ပျိုးပွဲကို စက်တင်ဘာ ၆ ရက်က ပေါင်မြို့နယ် အလှပဲကျေးရွာအုပ်စုဆယ်အိမ်စုရပ် ပင်လယ်ကမ်းခြေတွင် ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက ဖြူးရွှေဝါ၊ သမဲ့၊ မဒမ၊ ဖြူးခြေထောက်၊ အိမသွယ် စသည့် ဒီရေတောသစ်ပင် ၆၀၀ ကျော်ကို တပျော်တပါးစုပေါင်းစိုက်ပျိုးကြစဉ်။

မွန်မလေး(ပြန်/ဆက်)

## “ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၅) ရပ်ကွက်၊ (၅၂)လမ်း၊ အမှတ်(၁၀/၁၂) ဟုခေါ်တွင်သော (၂) ခန်းတွဲ၊ (၈)ထပ်တိုက် အနက်မှ (တတိယထပ်)(၄-လွှာ)၊ (တိုက်ကိုမျက်နှာမူလျှင်-ဘယ်+ညာဘက်ခြမ်း)၊ အကျယ်အဝန်း (၅၀'x၆၀')ရှိ တိုက်ခန်း(၂)ခန်းနှင့် ရေမီးအစုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်မှာ ဦးအပွဒူလာတော့(ခ)ဝင်းနိုင် [ဖ/ကသန(နိုင်)၀၂၇၆၉၂] ကိုင်ဆောင်သူမှ လက်ဝယ်ပိုင်ဆိုင်ပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ အဒူမော်နာရ် [၁၁/မတန(ပြု)၀၀၃၇၉၈]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်နေ့မှ(၇) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်မာမာသိန်း (LL.B)** (စဉ်-စဂ၇၂၂) တရားလွှတ်တော်ရှေ့နေ

**ဒေါ်နီနီဝင်း (LL.B)** (စဉ်-၅၁၇၁၈) အထက်တန်းရှေ့နေ

**အမှတ်- ၁၈၊ မြေညီထပ်၊ ဦးဖိုးကျားလမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၅၀၆၄၉၅၉**

# မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၈**

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်၏ သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေးနှင့် သင်္ဘောသားအလုပ်အကိုင်အခြေအနေ၊ လုပ်ငန်းဆိုင်ရာ ပညာရပ်ဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲပိုင်းတွင် မင်္ဂလာတောင်ညွှန့်မြို့နယ်ရှိ ဝင်းဒမ်ဂရန်း (ရန်ကုန်ဟိုတယ်)၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်(MSESF) ဥက္ကဋ္ဌ ဦးဆန်းဦးက လျှပ်စီးပေါ်တွင် ပါဝင်လှူဒါန်းခဲ့သော SRPS Company များနှင့် ယခုကျင်းပသော MSESF Annual General Meeting-2025 တွင် Sponsor နှင့် Contribution ပါဝင်ထားသော SRPS Company များကို ကျေးဇူးတင်စကားပြောသည်။

ယင်းနောက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ သမိုင်းကြောင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် MSESF အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးထွန်းထွန်းက အဖွဲ့ချုပ်၏လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြ၍ စိတ်ပါဝင်စားသည့် SRPS များမှ EC အဖြစ် ဝင်ရောက်နိုင်ရန် ဖိတ်ခေါ်ပြီး MSESF အဖွဲ့ချုပ် တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်မေနှင်းနွယ်က အဖွဲ့ချုပ်၏ ဘဏ္ဍာငွေစာရင်းကို တင်ပြသည်။

ယင်းနောက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်၊ MSESF ဥက္ကဋ္ဌ ဦးဆန်းဦးနှင့် အမှုဆောင်များက Annual General Meeting-2025 and Seafarer Conditions and Maritime Professional Affairs Forum Sponsor Company၊ Contribution Company၊ ငလျင်ဘေးတွင် ပါဝင်လှူဒါန်းခဲ့သော SRPS Company များအား ဂုဏ်ပြုဆုတံဆိပ်နှင့်ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြသည်။

**အောင်မြင့်(ပြန်/ဆက်)**

### ❍ တရုတ်ဖိတ်ခေါ်မှ

အင်ဒိုနီးရှားအသင်းက နယူးဇီလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အုပ်စု(ခ) ပွဲစဉ်များအပြီးတွင် အင်ဒိုနီးရှားအသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ မြန်မာအသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ်တက်ရောက်ခဲ့ပြီး သုံးမှတ်ရရှိသည့် နယူးဇီလန်အသင်းနှင့် အမှတ်မရသည့် ကမ္ဘောဒီးယားအသင်းတို့မှာမူ အဆင့် ၅/၈ နေရာလုပွဲ ထပ်မံကစားရမည်ဖြစ်သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များကို စက်တင်ဘာ ၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဒိန်းမတ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - CAF**

### ❍ MNL မှ

ဂိုးများပြန်ပေးရကာ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ သစ္စာအားမာန်အသင်းသည် နောက်မှလိုက်ကစားကာ ဒုတိယပိုင်းတွင် သုံးဂိုးသွင်းယူကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ သစ္စာအားမာန်အသင်းအတွက် ဂိုးများကို ၄၈၊ ၈၀ မိနစ်တွင် သူရအောင်၊ ၆၆ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် အိုကေချစ်တို့က သွင်းယူပြီး ရခိုင်ယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုးကို ၂၅ မိနစ်တွင် သော်ဇင်နိုင်က သွင်းယူသည်။

ဗဟန်းမြက်ခင်းတုကွင်း၌ ကျင်းပသည့်ပွဲတွင် ဧရာဝတီယူနိုက်တက်အသင်းက ရတနာပုံအသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ဧရာဝတီယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၁၈ မိနစ်တွင် ဇွန်နိုင်ဝင်း၊ ၃၆ မိနစ်တွင် ဝိုင်းထက်ပိုင်၊ ၈၃ မိနစ်တွင် ကျော်မင်းခန့်တို့က သွင်းယူသည်။

ပွဲစဉ် (၁၉) ဒုတိယနေ့ကို စက်တင်ဘာ ၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဗဟန်းမြက်ခင်းတုကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် Falcon အသင်း၊ YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် Dagon Port အသင်း၊ ပဒုမ္မာကွင်း၌ ဒဂုံစတားယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - မောင်စံကြီး**
**ဓာတ်ပုံ - MNL**

# MNL-2 ပြိုင်ပွဲတွင် မြဝတီအသင်း နိုင်ပွဲဆက်

**ရန်ကုန် စက်တင်ဘာ ၈**

၂၀၂၅-၂၀၂၆ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၄) နောက်ဆုံးနေ့ကို စက်တင်ဘာ ၈ ရက်က တက္ကသိုလ်ကွင်း၌ ဆက်လက်ကျင်းပရာ မြဝတီအသင်းက ကချင်ယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ပြီးခဲ့သည့်ရာသီအပြီးတွင် MNL မှ တန်းဆင်းလာရသည့် မြဝတီအသင်းသည် ယခုရာသီ၌ ပုံစံကောင်းပြသနေပြီး လေးပွဲကစားရာတွင် တတိယမြောက်နိုင်ပွဲရရှိခဲ့သည်။ မြဝတီအသင်းသည် ပွဲအစ ၁၂ မိနစ်တွင် သွင်းယူသည့် ထက်လင်းအောင်၏ တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ကချင်ယူနိုက်တက်အသင်းမှာမူ ချေပဂိုးပြန်မသွင်းနိုင်သဖြင့် ယခုရာသီ ပထမဆုံးရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ ပွဲစဉ်(၄) အပြီးတွင် တက္ကသိုလ်အသင်းနှင့် မြဝတီအသင်းတို့က ၁၀ မှတ်စီ၊ ရန်ကုန်စီးတီးအသင်းနှင့် လက်ရှိချုန်ပီယံ Chinland အသင်းတို့က ကိုးမှတ်စီ၊ ကချင်ယူနိုက်တက်အသင်းက ငါးမှတ်၊ Glory Goal အသင်းက နှစ်မှတ်ရရှိထားကာ ငွေကြေးယ်ပွင့်အသင်းနှင့် YB United အသင်းတို့မှာမူ အမှတ်မရသေးပေ။

**သတင်း - ချစ်ကိုကို၊ ဓာတ်ပုံ - MNL**

မြဝတီအသင်းနှင့် ကချင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

# အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ နောက်ဆုံးအဆင့် အုပ်စုပွဲစဉ်ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ထပ်မံကျင်းပခွင့်ရရှိ

**ရန်ကုန် စက်တင်ဘာ ၈**

မြန်မာအမျိုးသမီးကလပ် အား/ကာသိပ္ပံအသင်း ခြေစစ်ပွဲအောင်မြင်ထားသည့် ၂၀၂၅-၂၀၂၆ ရာသီ အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ နောက်ဆုံးအဆင့် အုပ်စုပွဲစဉ်ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ထပ်မံကျင်းပခွင့်ရရှိခဲ့သည်။

မြန်မာအမျိုးသမီးကလပ် အား/ကာသိပ္ပံအသင်းသည် ခြေစစ်ပွဲတွင်လည်း အုပ်စုပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရခဲ့သလို နောက်ဆုံးအဆင့် အုပ်စုပွဲကိုလည်း ထပ်မံကျင်းပခွင့်ရရှိခြင်းဖြစ်သည်။ နောက်ဆုံးအဆင့်အုပ်စုပွဲများကို လေးသင်းသုံးအုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ် အား/ကာသိပ္ပံအသင်း၊ လက်ရှိချန်ပီယံ တရုတ်ကလပ် ဝူဟန်ကျန်ဒါအသင်း၊ ဗီယက်နမ်ကလပ် ဟိုချီမင်းစီးတီးအသင်းတို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့သည်။ နောက်ဆုံးအဆင့် အုပ်စုပွဲများကို နိုဝင်ဘာလအတွင်း ကျင်းပမည်ဖြစ်ပြီး အား/ကာသိပ္ပံအသင်းသည် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

နောက်ဆုံးအဆင့်တွင် အသင်းစုစုပေါင်း ၁၂ သင်း ယှဉ်ပြိုင်ခွင့်ရထားပြီး တိုက်ရိုက်ကစားခွင့်ရ ရှစ်သင်း၊ ခြေစစ်ပွဲအောင်လေးသင်း ပါဝင်နေသည်။ နောက်ဆုံးအဆင့် အုပ်စုပွဲမဲခွဲပွဲကို စက်တင်ဘာ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဩစတြေးလျကလပ် မဲလ်ဘုန်းစီးတီးအသင်း၊ တောင်ကိုရီးယားကလပ် ဆူဝမ်အသင်း၊ တရုတ်ကလပ် ဝူဟန်ကျန်ဒါအသင်း၊ ဂျပန်ကလပ် တိုကျိုဗာဒီအသင်း၊ ဗီယက်နမ်ကလပ် ဟိုချီမင်းစီးတီးအသင်း၊ အီရန်ကလပ် ဘမ်ခါတွန်အသင်း၊ အိန္ဒိယကလပ် အရှေ့ဘင်ဂေါအသင်း၊ မြောက်ကိုရီးယားကလပ် နာဂိုယန်အသင်းတို့က တိုက်ရိုက်ကစားခွင့်ရခဲ့ကာ မြန်မာကလပ် အား/ကာသိပ္ပံအသင်း၊ စင်ကာပူကလပ် Lion City Sailors အသင်း၊ ဥဇဘက်ကစ္စတန်ကလပ် နာဆာဖ်အသင်း၊ ဖိလစ်ပိုင်ကလပ် လာဂူနာအသင်းတို့က ခြေစစ်ပွဲအောင်မြင်ပြီး ယှဉ်ပြိုင်ခွင့်ရခဲ့တာဖြစ်ပါတယ်။ အား/ကာသိပ္ပံအသင်းသည် ခြေစစ်ပွဲတွင် အုပ်စု(A)၌ ပါဝင်ခဲ့ပြီး ဂူအမ်ကလပ် Strykers အသင်းကို ကိုးဂိုးပြတ်၊ မွန်ဂိုလီးယားကလပ် Khovd Western အသင်းကို ရှစ်ဂိုးပြတ်၊ ဖိလစ်ပိုင်ကလပ် လာဂူနာအသင်းကို သုံးဂိုး-တစ်ဂိုးနှင့် အနိုင်ရပြီး ရာနှုန်းပြည့်နိုင်ပွဲ ရမှတ်ကိုးမှတ်ရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

**ကိုညီလေး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၄၂(တိုးချဲ့)၊ အေးသာယာ (၂)လမ်း၊ မြေကွက်အမှတ်– ၂၉၊ အကျယ်အဝန်း (၂၀x ၆၀)ပေရှိ ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရှုပ်အရှင်း ကင်းရှင်းကြောင်းနှင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်သဇင်ခိုင် [၉/မမန(နိုင်)၀၈၇၂၈၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဌေးဝင်း [၁၂/ကတတ(နိုင်)၀၁၈၉၁၀]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သဲစုထွေး (LL.B, D.B.L, D.M.L, D.I.L.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၂၁၇၃)**
**အမှတ်– ၃၄/၄၉၊ အခန်း (၁၄)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း (အောက်ဘလောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉– ၂၅၁၀၂၀၄၁၅၊ ၀၉– ၆၇၂၄၄၄၆၅၆**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၇)၊ မင်းတပ်(၁)လမ်း၊ အိမ်အမှတ်(၈၆၅/က)၊ ဦးရွှေလာ (WAW–၀၀၄၀၁၀) အမည်ပေါက် (၂၀'x၆၀') မြေကွက်နှင့် နေအိမ်အား အမည်ပေါက် ဦးရွှေလာထံမှ ဦးမျိုးဆင့်မှ (၁၈–၅–၂၀၀၀)ရက်တွင်လည်းကောင်း၊ ဦးမျိုးဆင့်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းမင်းသန်းမှ (၂၉–၈–၂၀၀၄)ရက်တွင် လည်းကောင်း ၎င်း၏ အမည်နှင့်ပင် တစ်ဦးတည်းဝယ်ယူ၍ ယနေ့တိုင် ထိုမြေကွက်နှင့် နေအိမ်၌ပင် မိသားစုနှင့်အတူ ဝယ်ယူလက်ရောက်ပိုင်ဆိုင်ကာနေထိုင်ခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ မြေတိုင်း(၇)၊ မင်းတပ်(၁)လမ်း၊ မြေကွက်အမှတ်(၈၆၅/က)၊ ဦးရွှေလာ (အမည်ပေါက်) ပါမစ်မူရင်းမှာ ကျွန်ုပ်၏မိတ်ဆွေမှ လွဲ၍ မည်သူတစ်ဦးတစ်ယောက်နှင့်မျှ သက်ဆိုင်မှုမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းမင်းသန်း ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဇာခြည်သက်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၄၈၁၇၈)**
**ဖုန်း–၀၉–၄၄၀၉၈၆၁၄၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ညဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်–၁–က/ဥတ္တရသီရိတောင်ရပ်၊ မြေဧရိယာ(၀.၂၂၉)ဧက၊ မြေကွက်အမှတ်(ဥ–၅၇၂၁)ဒေါ်ခင်သန်းမြင့်(ခ)စုခင် အဖအမည် ဦးစံအုန်း၊ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်ခင်သန်းမြင့် [၁၂/လမတ(နိုင်)၀၁၈၂၉၃] အဖအမည် ဦးစံအုန်းမှ ဒေါ်စုမွန်အေး [၁၂/စခန(နိုင်)၀၅၅၇၉၄]၊ အဖအမည် ဦးဝင်းဌေး အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# စာအုပ်စာပေ လူ့မိတ်ဆွေ

## Intelligent Print Solutions Co., Ltd နှင့် တရားလွှတ်တော်ရှေ့နေများဖြစ်သော ဦးမျိုးဟန်၊ ဒေါ်လှိုင်ဖြိုးသီတို့ ပြန်လည် တောင်းပန်ပေးရန် အကြောင်းကြားကြေညာခြင်း

Intelligent Print Solutions Co., Ltd မှ ဦးသစ်လွင်ဦး ထံသို့ ကုန်ပစ္စည်းအကြွေးကျန်များပေးဆပ်ရန် ကျန်ရှိကြောင်းဖော်ပြ၍ (၂၀–၆–၂၀၂၅)ရက်စွဲဖြင့် တရားလွှတ်တော်ရှေ့နေ ဒေါ်တင်တင်ဌေးမှတစ်ဆင့် နို့တစ်စာ ပေးပို့ခဲ့ခြင်းအပေါ် ဦးသစ်လွင်ဦးမှ ၎င်းတွင်ပေးဆပ်ရန်တာဝန်မရှိကြောင်း ငြင်းဆိုကာ ရှေ့နေမှတစ်ဆင့် (၃၀–၇–၂၀၂၅)ရက်စွဲပါ နို့တစ်ပြန်စာဖြင့် နည်းလမ်းတကျပြန်လည်ပေးပို့အကြောင်းကြားသိစေခဲ့ပြီးဖြစ်သော်လည်း လူကြီးမင်းတို့မှ တူညီသောအကြောင်းအရာတစ်ခုတည်းပေါ်တွင်ပင် ထပ်မံ၍ ဦးသစ်လွင်ဦးအပေါ် (၂–၉–၂၀၂၅) ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ ကြော်ငြာစာမျက်နှာ–၂၇တွင် ထည့်သွင်းကြော်ငြာ၍ တောင်းဆိုခဲ့ကြခြင်းသည် ဦးသစ်လွင်ဦး၏ ပုဂ္ဂိုလ်ရေးဂုဏ်သိက္ခာ၊ စီးပွားရေးလုပ်ငန်း ဂုဏ်သိက္ခာတို့အား လူမှုရေးအသိုင်းအဝိုင်း၊ စီးပွားရေးအသိုင်းအဝိုင်းတွင် ဂုဏ်သိက္ခာထိပါးညှိုးနွမ်းစေရန်၊ ထိခိုက်နစ်နာစေရန် တမင်ရည်ရွယ်ချက်ရှိရှိဖြင့် ထည့်သွင်းကြော်ငြာစေခဲ့ခြင်းဖြစ်ရာ ဦးသစ်လွင်ဦး၏ဂုဏ်သိက္ခာနှင့် ၎င်း၏လုပ်ငန်းအကျိုးစီးပွားတို့အပေါ်တွင် များစွာထိခိုက် နစ်နာစေခဲ့ပါသည်။

ထိုသို့ နစ်နာစေခဲ့မှုအပေါ် Intelligent Print Solutions Co., Ltd နှင့် တရားလွှတ်တော်ရှေ့နေများဖြစ်ကြသော ဦးမျိုးဟန်(စဉ်–၁၇၅၁) နှင့် ဒေါ်လှိုင်ဖြိုးသီ(စဉ်–၁၆၈၄၉)တို့သည် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လူသိရှင်ကြားတရားဝင်တောင်းပန်ပါရန်နှင့် တောင်းပန်ပေးခြင်းမရှိပါက လူကြီးမင်းတို့အပေါ် တရားမကြောင်းအရသော်လည်းကောင်း၊ ရာဇဝတ်ကြောင်းအရသော်လည်းကောင်း ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း လူကြီးမင်းတို့သိစေရန် အကြောင်းကြားကြေညာအပ်ပါသည်။

**ဦးသစ်လွင်ဦး [၁၂/ပဘတ(နိုင်)၀၄၀၉၂၂]၏**
**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ကြူကြူဝေ( LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၈၉၄)**
**အမှတ်–၅၆၁(ပထမထပ်)၊ အခန်း(၄)၊ M.A.C Towen ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၂၆၀၃၆၇၇၀၅**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးသင်းခင်၏ သား ကျွန်တော် ဇေယျာသင်း [၁၂/သဃက (နိုင်) ၁၄၂၄၉၁] ၏ CDC-50108 စာအုပ် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–09–5077791**

## ပျောက်ဆုံးကြောင်း

ဦးမျိုးကျော် [၁၂/အစန (နိုင်) ၁၃၅၄၈၇] ပိုင်ဆိုင်သော (CBR–0741) ၏ လုပ်ငန်းလိုင်စင် မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။

**ဖုန်း–09–250067575**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးကျော်ကျော်ဝင်း၏ သား မောင်ပြည့်ဖြိုးဦး [၁၂/သကတ(နိုင်)၂၂၅၈၂၇]၏ ယခင် နိုင်ငံကူး လက်မှတ်အမှတ် (MB–517666) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–09–443039729**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးဝင်းအောင်၏ သမီး ဒေါ်ချိုသဲဦး[၁၂/သကတ (နိုင်) ၁၆၁၇၃၈] ၏ ယခင် နိုင်ငံကူး လက်မှတ်အမှတ် (MB–520135) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–09–443039729**

## ပျောက်ဆုံးကြောင်း

ဒေါ်ဌေးဌေးမြင့် [၁၂/မဂဒ (နိုင်)၀၆၄၈၈၅] ပိုင်ဆိုင်သော "ကြယ်နီအေအန်အိပ် – ၁" (၂၀၂၁၀၆) ရေယာဉ်၏ လုပ်ငန်းလိုင်စင်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်ပေးပါရန်။

**၀၉–၄၂၁၁၅၄၈၈၄**

## ပတ်စ်ပို့ပျောက်

ပိုင်မင်းခန့် (ဘ) ဦးမောင်ဟန်သိန်း [၁၀/စတန(နိုင်)၁၄၁၂၆၂] ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ် M–1525070 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၂၈၅၀၂၂၄**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ဇလွန်မြို့၊ လမ္ဘာတော် မြောက်ရပ်ကွက်နေ ဒေါ်ကျင်စန်း (ခ)နော်ကျင်စန်း[၁၄/ဇလန(နိုင်) ၀၀၅၇၆၁]သည် တစ်ဦးတည်းဖြစ်သည်မှာ မှန်ကန်ပါသည်။

**ဒေါ်ကျင်စန်း**

**ဥတ္တရာသီ**
**တောကို**
**မှီ၏**

## မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ၂၀၂၅–၂၀၂၈ ခုနှစ်သက်တမ်း အမှုဆောင်အသစ်များ ရွေးချယ်တင်မြှောက်ပွဲကျင်းပရန် ကြေညာချက်ထုတ်ပြန်ခြင်း

၁။ မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ (၁၄–၈–၂၀၂၅) ရက်နေ့တွင် ပြုလုပ်သော ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင် အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၂၅–၂၀၂၈ခုနှစ် အမှုဆောင်သက်တမ်းအတွက် အမှုဆောင်သစ်များရွေးချယ်တင်မြှောက်ပွဲကို ၂၀၂၅ခုနှစ်၊ အောက်တိုဘာလ (၁၈) ရက်နေ့ နံနက် (၁၀:၀၀) နာရီတွင် ကုန်သည်စက်မှုအသင်းချုပ်၊ ပထမထပ် မင်္ဂလာခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါရွေးချယ်တင်မြှောက်ပွဲတွင် သတ်မှတ်ချက်များနှင့် ပြည့်စုံသည့် အသင်းသားများအနေဖြင့် ဆန္ဒမဲပေးခြင်းကို Online Registration ဖြင့် (၁၉–၉–၂၀၂၅ ) ရက်နေ့မှ ( ၈–၁၀–၂၀၂၅ ) ရက်နေ့ထိ မှတ်ပုံတင် စာရင်းသွင်းနိုင်ပါသည်။ Online Registration ပြုလုပ်နိုင်ရန်အတွက် Form Link ကို အသင်းသူ/အသင်းသားများထံသို့ e-mail, Viber တို့ဖြင့် ပေးပို့ပေးမည်ဖြစ်ပါသည်။

၃။ အလုပ်အမှုဆောင်အဖြစ် ရွေးချယ်ခံလိုသော အသင်းသားများအနေဖြင့် လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ (၁၉–၉–၂၀၂၅) ရက်နေ့မှ (၉– ၁၀–၂၀၂၅) ရက်နေ့အထိ အသင်းသို့ ရုံးချိန်အတွင်း လာရောက် စာရင်းပေးသွင်းနိုင်ပါသည်။

၄။ အမှုဆောင်သစ်များရွေးချယ်တင်မြှောက်ပွဲနှင့် ပတ်သက်၍ အသေးစိတ် စုံစမ်းသိရှိလိုပါက ဖုန်းနံပါတ်– ၀၉–၈၈၇၈၀၅၉၀၀၊ ၀၉–၂၆၃၂၁၃၂၇၀ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၂)လမ်း၊ အမှတ်(၄၇)၊ အကျယ်အဝန်း (၁၂ ½ x၅၀)ပေရှိ မြေညီထပ်+မှန်ခန်း (B1) (ဝဲဘက်) တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင်တပ်ဆင်ထားသော ရေ၊ မီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဒေါ်ခင်စောဝင်း [၁၂/အစန(နိုင်)၀၉၆၆၀၀]မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန္တာအောင်[၁၂/ကမရ(နိုင်) ၀၁၂၇၅၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သန္တာအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သူဇာအောင် ( LLB, D.I.L,D.B.L, Dip in HR )**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၃၉၅၀)**
**အမှတ်–၆၂၊ အခန်းအမှတ် (၉)၊ ပထမထပ်၊ ပန်းဆိုးတန်း(အောက်လမ်း)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း– ၀၉–၆၉၂၂၂၀၁၀၀ ၊ ၀၉–၉၄၆၉၄၆၃၂၆**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ အ.ထ.က(၁)ကျိုက်ထို Grade –12 (2–A)မှ မအေဇင်မိုး၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင်ဦး [၁၀/ကထန(နိုင်)၀၉၅၂၆၈] ဖြစ်ပါကြောင်း။

**ဦးဝင်းနိုင်ဦး**
**[၁၀/ကထန(နိုင်)၀၉၅၂၆၈]**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ အ.ထ.က(၁) ကျိုက်ထို Grade –12 (2–A)မှ မသင်းသင်းစုလှိုင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်ဗိုလ်မင်း [၇/သနပ(နိုင်)၀၉၅၈၀၄] ဖြစ်ပါကြောင်း။

**ဦးအောင်ဗိုလ်မင်း**
**[၇/သနပ(နိုင်)၀၉၅၈၀၄]**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်မောင် (ဘ) ဦးခင်မောင် [၁၂/မရက(နိုင်)၀၂၉၇၁၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ အနော်ရထာလမ်းသွယ်၊ အမှတ်–၁၅၉/က မြေညီထပ်တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်လက်ရှိထားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ရင်ရင်ရွှေ[၁၂/မရက(နိုင်)၀၈၇၀၉၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁)လအတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း) အထောက်အထားစုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နွယ်နီစိုး**
**အထက်တန်းရှေ့နေ(စဉ်–၃၀၇၃၉)**
**အမှတ်(၁၈၇)၊ မင်းရဲကျော်စွာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၅၁၉၂၃၁၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၇၁၇/က)၊မြေကွက်တည်နေရာအမှတ်(၇၁၇/က)၊ကျော်သူ(၁၈)လမ်း၊(၉)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ဦးကျော်ညွန့်(၁၂/ဥကတ(နိုင်)၀၂၁၃၅၅) (S/OKA-၀၀၀၉၆၂)၊ဒေါ်ခင်နှင်းကြည်(၁၂/ဥကတ(နိုင်)၀၂၅၉၂၅) (AC-၀၀၀၃၀၆)အမည်ပေါက်၊နှစ်(၆၀)မြေငှားဂရန်အမည်ပေါက်ဦးကျော်ညွန့်၊ဒေါ်ခင်နှင်းကြည်မြေကွက်အားဦးကျော်ညွန့်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်ခင်နှင်းကြည်(၁၂/ဥကတ(နိုင်)၀၂၅၉၂၅)မှတရားဝင်ဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာအမှတ်(၂၅၄၅/၂၀၂၄/၁၇–၁၂–၂၀၂၄)၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ဂရန်၊နိုင်/ကတ်၊သေစာရင်း၊အိမ်ထောင်စုစာရင်း၊ဝန်ဆောင်ခတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၉–ရပ်ကွက်၊ လမ်း–၄၀အောက်၊ တိုက်အမှတ်–၁၂၅၊ (၈)ထပ်တိုက် (၂)ခန်းတွဲတိုက်၏ ဒုတိယလွှာ (လက်ယာဘက်ခြမ်း)၊ အကျယ်အဝန်း(၁၂ပေခွဲx ၅၀ပေ)ရှိ နေအိမ်တိုက်ခန်း အပါအဝင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားအရပ်ရပ်အားလုံးတို့ သည် ဒေါ်နွဲ့နွဲ့အေး [၁၂/လမတ(နိုင်)၀၀၀၀၃၈]က (၂၄–၅–၂၀၂၂) ရက်စွဲပါ နှစ်ဦးနှစ်ဖက်သဘောတူတိုက်ခန်းအရောင်း အဝယ်ကတိပြုစာချုပ်အရ ဦးမြင့်ဦး[၁၂/ကတတ (နိုင်)၀၁၂၈၆၆] ပါ–၇ဦး တို့ထံမှ ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားပြီး တရားဝင် ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အထွေးကင်းရှင်းကြောင်း ဝန်ခံလျက် ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ အခန်းအား တရားဝင်လက်ရှိထား စီမံခန့်ခွဲလျက်ရှိကြောင်း ဝန်ခံကတိပြုပြီး အပြီးအပိုင် လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြု ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမိုဟာမက်ဘီလာ [၁၂/မဂတ(နိုင်)၀၇၂၁၈၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက တိုက်ခန်းအရောင်း အဝယ်ကို ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုသန္တာဝင်း( LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၅၉၈)**
**အမှတ်–၁၇၈၊ အခန်း(၅)၊ ဒုထပ်၊ ဗိုလ်အောင်ကျော်လမ်း၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၃၀၃၁၁၅၀၊ ၀၉–၇၉၉၂၈၂၆၉၂**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀) သဃ်္ဃန်းကျွန်းခရိုင်တရားရုံးတော် ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂၃၀

| | | |
|---|---|---|
| ဒေါ်စန္ဒာလှိုင် | နှင့် | ဒေါ်ချစ်ချစ်စိန် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁) ရပ်ကွက်၊ ဗိုလ်ဗလလမ်း၊ အမှတ် (၇၈၇) ရပ်နေ ဒေါ်ချစ်ချစ်စိန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ **"ပဋိညာဉ်အတိုင်းမြေကွက်နှင့်နေအိမ်အပြီးအပိုင်အရောင်းအဝယ်ကတိ စာချုပ်ကို တရားဝင်မှတ်ပုံတင်ပေး စေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ (၂၄)ရက် (၁၃၈၇ခု၊ သီတင်းကျွတ်လဆန်း ၃ ရက်) နေ့မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီ ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့မဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ စက်တင်ဘာလ (၅)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုးလှိုင်ထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**သဃ်္ဃန်းကျွန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ နယ်မြေ ၁၄၊ ကွင်းအမှတ် ၆၇၆ A၊ ဗိုလ်ချုပ်ရွာမကွင်း၊ ဦးပိုင်အမှတ် N/၆၁၊ ၆၂ ရွာမြေအမျိုးအစား စုစုပေါင်းဧရိယာ ၀.၀၄၀ဧကအတွင်းမှ ပေ(၂၀ x၆၀)ရှိ မြေကွက်အမှတ် D မြေကွက်နှင့် ယင်းမြေပေါ်၌ ဆောက်လုပ်ထားသော ရေမီးစုံ တစ်ထပ်တိုက်၏ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ဝယ်ထားရှိကာ လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟုဝန်ခံသူ ဦးအန်ဂဲဆာမိ [၁၂/သလန(ပြု)၀၀၄၀၀၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းဝင်း[၆/ထဝန(နိုင်) ၀၄၀၄၄၁]က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအိမ်ခြံမြေ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးပိုင်ခွင့်၊ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ၊ သက်သေအထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အရောင်းအဝယ်ပြုလုပ်သည့် အိမ်ခြံမြေအား လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နွေးနွေးအိ (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၄၇၅၂၅)**
**အမှတ် ထ/၁၀၅၊ ဘုရင့်နောင်လမ်းမ၊ အောင်ချမ်းသာ ၃ ရပ်ကွက်၊**
**သန်လျင်မြို့နယ်။ ၀၉–၂၆၀၄၀၂၀၀၃**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၆၉၊ မြေကွက်အမှတ်– ၁၂၆၊ အကျယ်အဝန်း(အလျား ၄၀' × အနံ ၆၀')ရှိ ဦးလှမြင့် (AF–၀၃၅၇၁၂)အမည်ပေါက် ပါမစ်မြေကွက်အား အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ရန်လန်ချင်း (၁၃/လရန(နိုင်)၀၅၆၁၂၆)မှ တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်၊ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးအေးမူ(စဉ်–၈၂၂၃) (၁၀–၅–၂၀၁၂)**
**LL.B, D.B.L,D.M.L တရားလွှတ်တော်ရှေ့နေ**
**တိုက်–၉/၁၁၊ မြေညီထပ်၊ (၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉ ၅၀၁၃၉၉၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
## နေပြည်တော်

